# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၁) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ ၂၁-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၂၉ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၄ ဦးရှိ၍ စုစုပေါင်း ၃၃ ဦး ခွင့်တောင်းခံ ထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၄ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူ ကိုယ်စားလှယ် ၃ ဦးနှင့် ခွင့် ၂ ရက်တိုင်ကြားသူ

ကိုယ်စားလှယ် ၁ ဦး၊ စုစုပေါင်း ၄ ဦး ဖြစ်ပါတယ်။ ကိုယ်စားလှယ် ၄ ဦးက အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊

(၂) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊

(၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊

(၄) ပညရ(၉)မှ ဗိုလ်မှူးတင်မောင်လွင် တို့သည် ခွင့်အသီးသီး တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။

**တစ်နိုင်ငံလုံး ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှ ဖြစ်စေရန် ရည်ရွယ်ပြီး သွေးအုပ်စုကို စုံလင်စွာ စစ်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အထူးဖိတ်ကြားထားသော ဧည့်သည် တော်များ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဆွေ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းလိုတာ ကတော့ ကျန်းမာရေးနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုပါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ယခုအခါ ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးနှင့်ပတ်သက်၍ ခံစားခွင့် သာတူညီမျှဖြစ်စေရန် အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ကျွန်တော် မေးမြန်းလိုတာကတော့ သွေးအုပ်စု ကွဲခြင်းနှင့် ပတ်သက်၍ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ သွေးအုပ်စု ခွဲတဲ့အခါမှာ အများစု သိနေတာကတော့ Aရယ်၊ Bရယ်၊ Oရယ်၊ AB ရယ်ဆိုပြီးတော့ပဲ သိပါတယ်။ ဒါပေမယ့် ဆရာဝန်အများစုသိတဲ့ အတိုင်းအတာ တစ်ခုမှာ Rh ဆိုတဲ့ သွေးခွဲခြင်းရှိပါတယ်။ Rh Positive နှင့် Negative ဆိုပြီး ရှိပါတယ်။ အဲဒီတော့ A သွေးကို B သွေးက သွင်းလို့မရသလို၊ AB ကိုလည်း သွင်းလို့မရပါဘူး။ အဲဒီလိုပဲ B သွေးကိုလည်း A နှင့် AB သွင်းလို့မရပါဘူး။ သို့သော် Aရယ်၊ Bရယ်၊ AB ရယ်ကို O သွေးသွင်းလို့ရပါတယ်။ O သွေးကို O သွေးသာ သွင်းလို့ရပါတယ်။ ထို့နည်းတူစွာပဲ Rh Positive ကို Rh Negative သွေးနဲ့လည်း အန္တရာယ်ရှိသလို Rh Negative ကို Rh Positive သွင်းလို့ရှိရင်လည်း အန္တရာယ်ရှိပါတယ်။ ဒါကြောင့်မို့လို့ သွေးအမျိုးအစားခွဲခြားရာမှာ Rh Positive နှင့် Negative ကိုလည်း A,B,O စစ်သလို မျိုးပဲ သေချာစွာ စစ်ဆေးသင့်ပါတယ်။ ယခုအခါ မြို့ကြီးပြကြီးများမှာ ရှိတဲ့ ဆေးရုံတွေမှာတော့ ဒီ Rh ကိုတော့ စစ်ပေးပါတယ်။ နယ်မြို့တွေမှာကျတော့ မြန်မာနိုင်ငံမှာရှိတဲ့ ၉၅ ရာခိုင်နှုန်းသော လူထုက Rh Positive ပဲ ဖြစ်တယ်ဆိုတာနဲ့ RhD ယူပြီးတော့ နယ်တွေမှာတော့ မစစ်ပါဘူး။ မေးမြန်းကြည့်တဲ့ အခါမှာလည်း သိပ်အရေးမကြီးဘူးလို့တော့ ပြောပါတယ်။ ဒါပေမယ့်လည်း တကယ်လို့ အရေးမကြီး ဘူးဆိုလို့ရှိရင် ရန်ကုန်တို့၊ မန္တလေးတို့လို့ မြို့ကြီးပြကြီးဆေးရုံတွေမှာလည်း အကုန်ကျခံပြီးတော့ စစ်စရာမလိုဘူး။ စစ်မယ်ဆိုလို့ရှိရင်လည်း နယ်မြို့က ဆေးရုံတွေကိုပါ စစ်သင့်ပါတယ်။ ဒါကြောင့်

ကျွန်တော်မေးမြန်းလိုတာကတော့ တစ်နိုင်ငံလုံးကျန်းမာရေးစောင့်ရှောက်မှုသာတူညီမျှ ဖြစ်စေရန် ရည်ရွယ်ပြီးတော့ သွေးအုပ်စုကို စုံလင်စွာ စစ်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ မရှိသေးပါကလည်း မည်သည့်အကြောင်းကြောင်းကြောင့်ဆိုတာ သိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေမှ တစ်နိုင်ငံလုံး ကျန်းမာရေးစောင့်ရှောက်မှု သာတူညီမျှဖြစ်စေရန် ရည်ရွယ်ပြီး သွေးအုပ်စုကို စုံလင်စွာ စစ်ဆေးပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိလိုသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ လူသားများဟာ A, B, O အုပ်စုကဲ့သို့သော သွေးအုပ်စု ၈၄ မျိုးခန့် ကွဲပြားပါတယ်။ သို့ရာတွင် သွေးသွင်းကုသခြင်းကြောင့် ချက်ချင်းအသက်အန္တရာယ်ပေးနိုင်သော သွေးအုပ်စုမှာ A, B, O အုပ်စု မတူ၍ ဖြစ်ပါတယ်။ ၎င်းအုပ်စုမှာ A, B, O, AB ဟူ၍ ၄ မျိုး ကွဲပြားပါတယ်။ ၎င်းသွေးအုပ်စုများအား စစ်ဆေးခြင်းအပြင် လူနာအား သွေးမသွင်းမီ တည့်၊ မတည့် စမ်းသပ်စစ်ဆေးခြင်းဖြင့် အသက်အန္တရာယ် ကာကွယ်ပေးသည့် စမ်းသပ်မှုများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သွေးသွင်းကုသမှုပြုလုပ်နိုင်သော ကျန်းမာရေးဌာနများတွင်လည်း ဆောင်ရွက်ပေးနိုင်ပါတယ်။

Rh အုပ်စုမှာလည်း A, B, O အုပ်စုကဲ့သို့ ၁၄ မျိုးထပ်မံကွဲပြားပါတယ်။ Rh ပဋိပစ္စည်းမှာ မြန်မာနိုင်ငံကဲ့သို့ အာရှဒေသများတွင် ၉၉.၅ ရာခိုင်နှုန်းခန့် Positive ဖြစ်ပါတယ်။ ၀.၅ ရာခိုင်နှုန်းသာ Negative ဖြစ်ပါတယ်။ ၎င်းသွေးအုပ်စုတို့၏ Rh Distribution မှာ လူမျိုးနွယ်အလိုက် ကွဲပြားပါတယ်။ မြန်မာနိုင်ငံရှိ အချို့သောဒေသများမှာ Rh Negative မရှိသလောက် ဖြစ်ပါတယ်။ Rh Negative တွင် အုပ်စုပိုင်ရှင်သွေးလိုအပ်ပါက ၎င်းလူနာသည် ယောကျ်ားဖြစ်ပါက သွေးမသွင်းဖူးလျှင် Rh Positive သွေးကို သွင်းနိုင်ပါတယ်။ RhD Negative သွေးအုပ်စုပိုင်ရှင် အမျိုးသမီးသည်

ကိုယ်ဝန်ဆောင်ဖြစ်မှသာလျှင် ၎င်းရဲ့ကလေးအတွက် အန္တရာယ်ရှိပါတယ်။ ၎င်းမိခင် သွေးလိုလျှင် RhD Negative သွေးကိုသာ သွင်းရမည်ဖြစ်ပြီး ၎င်းကလေးအတွက်မူ RhD Positive သွေးကို အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် Rh သွေးအုပ်စု စမ်းသပ်စစ်ဆေးမှုကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများတွင် ကျွမ်းကျင်စွာ စစ်ဆေးနိုင်ရန် လေ့ကျင့်ပေးပြီး ဖြစ်ပါတယ်။ သို့ရာတွင် သွေးအုပ်စုစမ်းသပ်ရာ၌ အသုံးပြုမည့် သွေးရည်ကြည်မှာ ၄ ဒီဂရီစင်တီဂရိတ်တွင် အစဉ်အမြဲသိုလှောင်ထားရှိမှသာ မှန်ကန်သည့်အဖြေကို ရရှိမည်ဖြစ်ပါ၍ ၎င်းအခြေအနေမျိုးရှိသော ဆေးကုသမှုဝန်ဆောင်မှုလုပ်ငန်း နေရာဒေသတိုင်းတွင် RhD စမ်းသပ်မှုများကို ပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**သဲဖြူချောင်းရေထိန်းတမံပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာကြပါစေလို့ နှုတ်ခွန်းဆက်မေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ပျက်စီးနေသောသဲဖြူချောင်းရေထိန်းတမံပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ၊မရှိနှင့် စပ်လျဉ်းသောမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ သဲကုန်းရှိတောင်သူလယ်သမားများရဲ့ ကိုယ်စား ကျွန်တော့်အနေနဲ့မေးမြန်းရခြင်းဖြစ်ပါတယ်။ ယခုမေးခွန်းမေးတဲ့အခိုက်မှာပဲ ယနေ့ နိုင်ငံတော်အစိုးရသစ်ရဲ့လက်ထက်မှာ မနှစ်က ကျွန်တော်တို့ သဲကုန်းမြို့နယ်အတွင်းမှာ တောင်နဝင်းဆည်နှင့်ပတ်သက်လို့ချောင်းတွေ၊ မြောင်းတွေတူးဖော်ပေးခဲ့တာ ထို့အတူတခြားချောင်း၊ မြောင်းများကို မနှစ်က နိုင်ငံတော်ကနေပြီး တူးဖော်ပေးခဲ့တာနှင့်ပတ်သက်လို့ ကျွန်တော်တို့မြို့နယ်ရဲ့ တောင်သူလယ်သမားများဟာ အစိုးရသစ်အပေါ်မှာကျေးဇူးတင်ရှိနေကြောင်းကိုလည်း ဦးစွာပထမတင်ပြလိုပါတယ်။ ကျွန်တော်တို့ သဲဖြူချောင်းရေထိန်းတမံဟာ ပြည်၊ အင်းမ၊ ရွှေတောင်ဘက်ကစီးဆင်းလာတဲ့ ချောင်းရေတွေဟာ ဒီရေထိန်းတမံကနေပြီးတော ကျေးရွာတွေဖြစ်တဲ့ အုတ်တွင်းကျေးရွာ၊ ရေတာရှည်ကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာ၊ ကြက်ကြီးတောအနောက် ကျေးသားတောရကျေးရွာ၊ ရှမ်းကုန်းကျေးရွာစတဲ့ကျေးရွာပေါင်း ၁၀ ရွာကနေပြီးတော့ တောင်သူလယ်သမား ၃၅၆ ဦး၊ တမံရေသောက်ဧရိယာဧက ၂၃၀၀ ခန့်သောက်သုံးနေရတဲ့တမံဖြစ်ပါတယ်။ ဒီတမံကြီးပျက်စီးကျိုးပေါက်

နေတဲ့အတွက် မိုးရာသီ မိုးရွာသွန်းတဲ့အခါမှာ ရေတွေဟာ အင်းမအင်းထဲကိုစီးဝင်ရောက်ရှိသွားတဲ့အတွက် စပါးစိုက်လယ်ကွင်းတွေဟာ ရေလုံလုံလောက်လောက်မရရှိပါဘူး။ ပျက်စီးကျိုးပေါက်နေတဲ့ သဲဖြူချောင်းရေထိန်းတမံကို ပြန်လည်ပြုပြင်ပေးမယ်ဆိုလို့ရှိရင် တောင်သူလယ်သမား ၃၅၆ ဦးရဲ့ လယ်ဧက ၂၃၀၀ ဟာ အောင်မြင်စွာစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သဲဖြူချောင်းရေထိန်းတမံကို ပြန်လည်ပြုပြင်ပေးနိုင်ပါရန်အစီအစဉ်ရှိ၊မရှိနှင့် ပြုပြင်ပေးမယ်ဆိုလို့ရှိရင် မည်သည့်အချိန်၊ မည်သည့်ကာလမှာ ပြုပြင်ပေးနိုင်မည်ဆိုတဲ့အကြောင်းသိရှိလိုပါကြောင်း တောင်သူလယ်သမားများရဲ့ကိုယ်စား လေးစားစွာဖြင့်တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ရဲ့မေးမြန်းတဲ့မေးခွန်းကို ဝန်ကြီးဌာနကိုယ်စားဖြေကြားမှာဖြစ်ပါတယ်။ ဦးစိုးအောင်ရဲ့မေးခွန်းဖြစ်တဲ့ သဲကုန်းမြို့နယ်အတွင်းရှိ ပျက်စီးနေသောသဲဖြူချောင်းရေထိန်းတမံ ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ သဲဖြူချောင်းရေထိန်းတမံကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် သဲကုန်းမြို့နယ်မှာ ၁၉၆၀-၁၉၆၁ ခုနှစ်က ပြည်တော်သာအစိုးရကတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပေးခဲ့သည့်နှစ်ကာလကြာမြင့်ပြီဖြစ်ခြင်းကြောင့် ရေထိန်းတမံမှာ ပျက်စီးကျိုးပေါက်နေပြီဖြစ်ပါတယ်။ အဆိုပါရေထိန်းတမံကို မိုးစပါး ၆၅၀ ဧက ခန့်စိုက်ပျိုးရေပေးဝေခြင်းအတွက် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ရေထိန်းတမံသည် အလျား ၃၀ ပေနှင့် အမြင့် ၈ ပေရှိပြီး ရေလျှံထိန်းတာပေါင်မှာ အလျား ၁၀၀ ပေ အမြင့် ၈ ပေရှိပါတယ်။ အကျယ် ၆ ပေ အမြင့် ၈ ပေရှိသော ရေထုတ်ပေါက် နှစ် ပေါက်နှင့် အကျယ် ၁၀ ပေ အမြင့် ၆ ပေ ရေပိုလွှဲ တစ်ခုပါရှိပါတယ်။ အဆိုပါရေထိန်းတမံမှာကျေးရွာက ထိန်းသိမ်းထားခြင်းကြောင့် ဆည်မြောင်းဦးစီးဌာနအနေဖြင့်ပြင်ဆင်ပေးခြင်းမရှိခဲ့ပါ။ ရေထိန်းတမံ၏အစိတ်အပိုင်းအားလုံးနီးပါးသည် ပျက်စီးနေပြီ

ဖြစ်သောကြောင့် အဆိုပါတမံကို ပြန်လည်ပြုပြင်မည်ဆိုပါက အသေးစိတ်ကွင်းဆင်းလေ့လာတိုင်းတာမှုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ခုနှစ် ပွင့်လင်းရာသီတွင် အသေးစိတ်စူးစမ်းလေ့လာတိုင်းတာမှုများကို ဆောင်ရွက်ပြီး ရရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ ဒီဇိုင်းရေးဆွဲခြင်း၊ ခန့်မှန်းခြေစာရင်းတန်ဖိုးတွက်ချက်ခြင်းတို့ကိုဆောင်ရွက်ပြီး နောက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုပါကအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ပြီးစီးပါက ဆက်လက်ထိန်းသိမ်းရေးအတွက် ကျေးရွာသို့လွှဲအပ်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြင်းမူမြို့အား ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကောင်းမွန်ခိုင်ခံ့သည့် မြို့ရေကာတာများ ဖြစ်ပေါ်လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှု အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ဝင်းအောင်(မြင်းမူမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြင်းမူမြို့အား ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ကောင်းမွန်ခိုင်ခံ့သည့် မြို့ရေကာတာများ ဖြစ်ပေါ်လာနိုင်မယ့် စီစဉ်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်များ ရှိ၊ မရှိ ကို သိရှိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ဟာ ဧရာဝတီမြစ်နံဘေးတည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မြင်းမူမြို့နယ်ရဲ့တောင်ဘက် နယ်နိမိတ်အဖြစ် ဧရာဝတီမြစ်ဟာ အရှေ့မှအနောက်သို့ ၁၀ မိုင်ခန့် စီးဆင်းလျက်ရှိပါတယ်။ မြင်းမူမြို့နယ်ရဲ့ အရှေ့ဘက်နယ်နိမိတ်အဖြစ် မူးမြစ်ဟာ မြောက်မှ တောင်သို့ ၁၆ မိုင်ခန့်စီးဆင်းနေပြီး မြင်းမူမြို့ရဲ့ အရှေ့ဘက် ၃ မိုင်ခန့်အကွာမှာ ဧရာဝတီမြစ်အတွင်းကို စီးဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိက မြစ်မကြီးဖြစ်တဲ့ ဧရာဝတီမြစ်ဟာ မြောက်မှတောင်သို့ စီးဆင်းနေတာမှန်သော်လည်းပဲ ပုပ္ပါးတောင်မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များကြောင့် မြစ်ကြောင်းများ ပြောင်းလဲခဲ့ရပြီး မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အောက်ဘက်ရောက်မှ စတင်ပြီး အရှေ့မှ အနောက်သို့ စီးဆင်းပြီး မြင်းမူမြို့နယ်ရဲ့ တောင်ဘက်အရပ်မှာ ချင်းတွင်းမြစ်နှင့်ပေါင်းစုံကာ မြောက်မှ

တောင်သို့ ဆက်လက်စီးဆင်းသွားပါတယ်။ ဒါကြောင့် မြင်းမူမြို့နယ်ရဲ့ တောင်ဘက်နယ်နိမိတ်အဖြစ် ဧရာဝတီမြစ်ဟာ အရှေ့မှ အနောက်သို့ စီးဆင်းနေခြင်းပဲဖြစ်ပါတယ်။

လေးစားရပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းမူမြို့ဟာဧရာဝတီမြစ်ရေကြီးခြင်း အန္တရာယ်ကို အမြဲတမ်းကြုံတွေ့နေရတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကြီးတဲ့အချိန်မှာပဲ ဒုဋ္ဌဝတီမြစ်ရေကြီးခြင်း၊ မူးမြစ်ရေကြီးခြင်းများ ဖြစ်ပေါ်လာပြီးဧရာဝတီမြစ်အတွင်း ပေါင်းစုံ စီးဆင်းခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲလိုမြစ်များပေါင်းစုံပြီး မြစ်ရေကြီးနေတဲ့အချိန်မှာပဲ မြင်းမူမြို့နယ်ရဲ့ အောက်ဘက် အရပ်မှာရှိတဲ့ ဧရာဝတီမြစ်တွင်းစီးဝင်တဲ့ ချင်းတွင်းမြစ်ရေကြီးခြင်းနဲ့ပါ ကြုံတွေ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ဒုဋ္ဌဝတီမြစ်၊ မူးမြစ်နှင့် ဧရာဝတီမြစ်များရဲ့ မြစ်ရေများဟာ အောက်ဘက်အရပ်ကို အလွယ်တကူမစီးဆင်းနိုင်တော့တဲ့အတွက် မြင်းမူမြို့မှာရေကြီးခြင်းကြောင့် ရေပြင်ကျယ်ပြန့်လာခြင်း၊ ရေရဲ့ထုထည်များကြီးမားလာခြင်း၊ ရေ၏ဖိအားများ များပြားလာခြင်းရဲ့ အန္တရာယ်ကို ကြုံတွေ့ခဲ့ရပါတယ်။ ၁၉၇၀ ခုနှစ်က ဧရာဝတီမြစ်ရေကြီးမှုဟာ မြင်းမူမြို့အတွင်းထိဝင်ပြီးတော့ မုံရွာ၊ မန္တလေး ကားလမ်းမကြီးများလည်း အဆက်အသွယ်ပြတ်တောက်ခဲ့တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်းမူမြို့ရှိ ရေကာတာများကို ၁၉၇၀ ခုနှစ်က စတင်ပြီး မြေပြင်အနိမ့်အမြင့်အလိုက် တည်ဆောက်ခဲ့ကြခြင်းအတွက် အရှည် ၁ မိုင်ခန့်ရှိကြောင်းလည်း သိရှိရပါတယ်။ ရေကာတာရဲ့ အချို့အပိုင်းများဟာ ကျိုးပျက်နေကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့က ဧရာဝတီမြစ်ရေကြီးနေတဲ့အချိန်မှာပဲ အရှည် ၁၀၀ ပေ အကျယ် ၇ပေ ရေကာတာရဲ့တစ်နေရာ ကျိုးပျက်သွားတဲ့အတွက် အရေးပေါ်ပြုပြင်ခဲ့ကြရပါတယ်။ ယခု ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ မြစ်ရေစတင်ကြီးနေတဲ့ အချိန်မှာပဲ ရေကာတာရဲ့တစ်နေရာဟာ နိမ့်ကျသွားကြောင်းလည်း သိရှိရပါတယ်။ မြို့နေလူဦးရေဟာလည်း နေထိုင်မှုများ များပြားလာပြီဖြစ်တဲ့အတွက် မြစ်ကမ်းနံဘေး အဆောက်အဦများဟာ အထပ်မြင့်အဆောက်အဦများအရေအတွက် များပြားနေပြီဖြစ်ပါတယ်။ လူနေအဆောက်အဦများနဲ့ ရေကာတာဟာ ၁၀ ပေသာကျယ်တဲ့ ကတ္တရာလမ်းသာ ကွာဝေးတဲ့အတွက် ဧရာဝတီမြစ်ရေကြီးခြင်း ဖြစ်ပေါ်နေချိန်မှာ များစွာအန္တရာယ်ရှိကြောင်း လေ့လာသိရှိရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီမြစ် ဆိပ်ကမ်းမြို့ဖြစ်တဲ့ မြင်းမူမြို့မှာ မန္တလေးမြို့သို့ ရေမိုင်အားဖြင့် ၃၉ မိုင်၊ မြင်းခြံမြို့နဲ့ ၄၁ မိုင်၊ ရန်ကုန်မြို့သို့ ၅၅၈ မိုင်

ကွာဝေးကြောင်းသိရပါတယ်။ မြင်းမူသင်္ဘောဆိပ်မှာ မန္တလေး-ပြည် သင်္ဘောများ၊ မန္တလေး-ရန်ကုန် သင်္ဘောများ၊ ကုန်တင်ရေယာဉ်တွဲများ၊ အစုန်အဆန် ဆိုက်ကပ်သွားလာနေတဲ့ သင်္ဘောဆိပ်တစ်ခု ဖြစ်ပါတယ်။ အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံ ရေကြောင်းဆက်သွယ်သွားလာပို့ဆောင် ရေးအတွက် တစ်နှစ်ပတ်လုံးဆက်သွယ်သွားလာပို့ဆောင်ပေးနိုင်တဲ့ အဓိကဆိပ်ကမ်းကောင်းမြို့ တစ်မြို့ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကြီးတဲ့အချိန်မှာ လူနေအိမ်များနဲ့ ရေကာတာရဲ့ အကွာအဝေးဟာ နီးကပ်နေတာကြောင့် အန္တရာယ်များစွာရှိကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မြင်းမူမြို့ဟာ ရေလွှမ်းမိုးမှုအန္တရာယ်မှကာကွယ်နိုင်ရန် တည်ဆောက်ထားတဲ့ မြို့ရေကာတာများဟာ နှစ်ပေါင်း များစွာကြာနေပြီဖြစ်တဲ့အတွက် ဒေသခံပြည်သူလူထုအတွက် မြစ်ရေကြီးခြင်းအန္တရာယ်အား ကာကွယ် တားဆီးပေးနိုင်မယ့် စနစ်တကျကောင်းမွန်ခိုင်ခံ့သော မြို့ရေကာတာများဖြစ်ပေါ်လာနိုင်ရန် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဘဏ္ဍာငွေသုံးစွဲခြင်း မရှိသော်လည်းပဲ ဆက်သွယ်ပေးခြင်း၊ တင်ပြပေးခြင်း၊ ပံ့ပိုးပေးခြင်းစတဲ့ ကူညီဆောင်ရွက်ပေးနိုင်သော အစီအစဉ်များကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်ရဲ့ မြင်းမူမြို့အား ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် တည်ဆောက် ထားသော ရေကာတာများမှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ စနစ်ကျခိုင်ခံ့အောင် ပြန်လည်ပြုပြင် တည်ဆောက် ပေးနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းအောင် မေးမြန်းတဲ့ မေးခွန်းပါ တာပေါင်မှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာပေါင်မဟုတ်ပါ။ မိမိမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ထိန်းသိမ်းထားပြီး ကမ်းနားလမ်း အဖြစ် အသုံးပြုလျက်ရှိသော တာပေါင်ဖြစ်ပါတယ်။ အဆိုပါ မြင်းမူမြို့နယ် ရေဘေးကာကွယ်ရေးတာ မှာ ၁ မိုင်ခန့်ရှည်လျားပြီး တာပေါင်၏ ပျမ်းမျှအကျယ်မှာ ၁၃ ပေခန့်ရှိ၍ ပျမ်းမျှအမြင့်မှာ ၈ ပေခန့်ရှိ ပါတယ်။ ၎င်းတာပေါင်အား မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြုပြင်ထိန်းသိမ်း လျက်ရှိပြီး

တာရိုးပေါ်တွင် ၂၀၀၅ ခုနှစ်မှ စတင်၍ ကတ္တရာလမ်းခင်းကာ ကမ်းနားလမ်းအဖြစ် အသုံးပြုလျက်ရှိပါတယ်။ ၎င်းကမ်းနားလမ်းသည် ၂၀၀၄ ခုနှစ်တွင် မြင်းမူမြို့၏ စိုးရိမ်ရေအမှတ် ၁၁၅၀ စင်တီမီတာရဲ့ အထက် ၉၄ စင်တီမီတာ ၃ ပေခန့်တက်ခဲ့၍ တချို့နေရာများတွင် ရေကျော်မှုများဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးမှုများ မရှိစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ သဲအိတ်များချ၍ကာကွယ်ခဲ့ရပါတယ်။ ယခုနှစ် မိုးရာသီ ဇွန်လအတွင်းမှာ မြစ်ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာသောအသေးစားပြင်ဆင်မှုများကိုလည်း မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှပင် ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကမ်းနားလမ်း ကတ္တရာလမ်းအဖြစ် အသုံးပြုနေသော မြင်းမူမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးတာပေါင်ကို ပိုမိုခိုင်ခံ့စိတ်ချစေရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် နည်းပညာအပါအဝင် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်နယ်အသီးသီးတွင် နှစ်ကာလကြာမြင့်စွာတာဝန်ထမ်းဆောင်နေကြသောဆရာဆရာမများပြောင်းရွှေ့ခွင့်ရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပညာရေးဝန်ထမ်းများနှင့် ၎င်းတို့ရဲ့မိသားစုများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနကို မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပြည်မမှပြည်နယ်များတွင် သွားရောက်တာဝန်ထမ်းဆောင်နေကြရသော ဆရာ ဆရာမများပြောင်းရွှေ့ရေးတွင် ယခင်က ၂ နှစ်ပြည့်လျှင်ပြောင်းရွှေ့ခွင့်ပေးသည်ဟုသိရှိရပါတယ်။ သို့ရာတွင် ပြည်နယ်တွင် ၅ နှစ် ၊ ၆ နှစ်ကျော်ကြာနေပြီဖြစ်သော်လည်း ယနေ့အထိပြောင်းရွှေ့ခွင့်မရသေးသော ဆရာ ဆရာမများအနေဖြင့် ၂ နှစ်ပြည့်သည့်အချိန်မှစ၍ နှစ်စဉ်အပြောင်းအရွှေ့ခေါ်တိုင်းလျှောက်ထားခဲ့ကြသော်လည်း ယနေ့အထိပြောင်းရွှေ့ခွင့်မရသေးကြောင်းသိရှိရပါတယ်။ သို့ပါ၍ ပြည်နယ်အသီးသီး

တွင် နှစ်ကာလကြာမြင့်စွာတာဝန်ထမ်းဆောင်နေကြရသော ဆရာ ဆရာမများ ပြောင်းရွှေ့ခွင့်ရရှိရေး အတွက် ပညာရေးဝန်ကြီးဌာနမှ မည်သို့မူဝါဒများချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိလိုပါ၍ ပြန်လည်ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်ပရိသတ်များအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုးဝင်းရဲ့ ပညာရေးကဏ္ဍဆိုင်ရာမေးမြန်းချက်နှင့်ပတ်သက်ပြီး ဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူမှတင်ပြဖြေကြားမှာဖြစ်ပါတယ်။ ပြည်နယ်အသီးသီးကိုသွားရောက် တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ ဆရာမများရဲ့ပြောင်းရွှေ့ရေး ကိစ္စနှင့်ပတ်သက်ပြီး လက်ရှိကျောင်းများတွင် လုပ်သက်ကြာမြင့်မှု၊ ပြောင်းရွှေ့လျှောက်လွှာပါ ဆန္ဒပြုရာမြို့နယ်၊ ကျောင်းဦးစားပေးအစီအစဉ်၊ ဘာသာရပ်ကိုက်ညီမှု၊ ဆရာနှင့် ကျောင်းသားအချိုး၊ လစ်လပ်နေရာများတွင် သင်တန်းဆင်း ခန့်ထားနိုင်မှု၊ တပ်ပြောင်း၊ ဝန်ထမ်းပြောင်း၊ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲတို့ အပေါ်မူတည်ပြီး ပြောင်းရွှေ့လျှောက်လွှာများကို တန်းစီဇယားပြုစု၍ ပြောင်းရွှေ့ပေးလျက်ရှိပါတယ်။ ဆရာ ဆရာမများရဲ့လျှောက်လွှာများမှာ ဆန္ဒပြုထားတဲ့ကျောင်း၊ မြို့နယ်များကို ဦးစားပေးစဉ်းစား သော်လည်း ၎င်းဆန္ဒပြုတဲ့နေရာမှာ ဆရာနှင့် ကျောင်းသားအချိုးအရ ဆရာပိုနေပါက ပြောင်းရွှေ့၍မရဘဲ ဆရာလိုအပ်ပါကပြောင်းရွှေ့ပေးလျက်ရှိပါတယ်။ ဆရာဆရာမများသည် ပြောင်းရွှေ့ရေး အတွက် ဆန္ဒပြုရာမှာ ကျောင်းအမည်၊ မြို့နယ်အမည်သာဖော်ပြမည့်အစားမြို့နယ်အတွင်းရှိ မည်သည့်ကျောင်းကိုမဆို၊ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ မည်သည့်မြို့နယ်၊ မည်သည့်ကျောင်းကို မဆိုဟု နယ်မြေကျယ်ကျယ်ပြန့်ပြန့်ဆန္ဒပြုပါက ပြောင်းရွှေ့ရန် အခွင့်အလမ်းပိုများ၍ ပြောင်းရွှေ့ခွင့် ရနိုင်မည်ဖြစ်ပါကြောင်း တင်ပြရှင်းလင်းဖြေကြားအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**တက္ကသိုလ်ဝင်တန်းစာမေးပွဲ ၂၀၁၂ သင်္ချာမေးခွန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်

ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းတဲ့ မေးခွန်းဟာ သက်ဆိုင်ရာဝန်ကြီးဌာနကို သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်ပြီး မေးမြန်းခြင်း မဟုတ်ပါဘူး။ တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် ကျောင်းသားလူငယ်များရဲ့ အရေးကြီးဆုံး ဖြတ်သန်းရတဲ့ ဘဝပန်းတိုင် ဖြစ်တာမို့လို့ ကျောင်းသားများအတွက် နစ်နာမှုမရှိစေရေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း အထူးသတိပြုစေရေး ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါကြောင်း ကြိုတင်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ ၂၀၁၂ သင်္ချာမေးခွန်း Section C မေးခွန်းအမှတ်စဉ် 10(a) ပေးမှတ် ၅ မှတ်တန် မေးခွန်းမှားယွင်းမှု ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ထပ်မံ၍ သိရှိရသည်မှာ No.1 Section A No.3 ပေးမှတ် တစ်မှတ်တန် မေးခွန်းတွင်လည်း ပေးထားတဲ့ အဖြေမှာ ရွေးချယ်ရန် အဖြေမရှိတဲ့အတွက် မှားနေကြောင်းကိုလည်း သိရှိရပါတယ်။ အဆိုပါမှားယွင်းမှုနှင့်ပတ်သက်လို့ စာစစ်ဆောင်ရွက်တဲ့အခါမှာတော့ အဆိုပါမေးခွန်းများကို နံပါတ်တပ်ထားခဲ့ရင် အမှတ်ပေးရန် ညွှန်ကြားခဲ့တယ်လို့ သိရပါတယ်။ သို့ရာတွင် အချို့ကျောင်းသားများအနေနဲ့ မေးခွန်းမှားနေသည်ဟု ယူဆပြီး မဖြေဆိုဘဲ နံပါတ် မတပ်ဘဲ ထားခဲ့ကြတဲ့အတွက် နစ်နာမှုများရှိခဲ့ကြတယ်လို့ သိရပါတယ်။ ၎င်းကိစ္စများနှင့်ပတ်သက်ပြီး မိဘပြည်သူများရဲ့ သဘောထားဆန္ဒကို တင်ပြရရင် မှားတတ်တဲ့ သဘောသဘာဝရှိသော်လည်း စာမေးပွဲဖြစ်တဲ့အတွက် မမှားစေရေး ဆောင်ရွက်သင့်ပါတယ်။ မှားသွားပါက တာဝန်ရှိသူများက တာဝန်ယူ၊ တာဝန်ခံရမည်သာ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲဟာ ကျောင်းသားလူငယ်များရဲ့ အရေးကြီးသော ဘဝပန်းတိုင်ဖြစ်ပါကြောင်း စာမေးပွဲတွင် ၁ မှတ်၏ တန်ဖိုးသည်လည်း ဘဝအဆုံးအဖြတ်ဖြစ်တာမို့ မေးခွန်းထုတ်ပြန်တဲ့နေရာမှာ အထူးသတိပြုစေချင်ကြောင်း၊ ကျောင်းသားဆိုသည်မှာ မှားနေရင် ဖြေမှာမဟုတ်ပါကြောင်း၊ စာမေးပွဲခန်းမှာ မှားနေသည်ဟု ထောက်ပြသော်လည်း ချက်ချင်းအဖြေရနိုင်မှာ မဟုတ်ပါကြောင်း၊ ကျောင်းသားများရဲ့ နစ်နာမှုအတွက် နံပါတ်စဉ်တပ်သည် မတပ်သည်ကို ပြော၍ မရပါကြောင်း၊ မှားတယ်ဆိုရင် ကျောင်းသားများ အားလုံးအပေါ်တွင် ၎င်းအမှတ် ၆ မှတ်သည် ရသင့်ရထိုက်သော အမှတ်ဖြစ်တယ်လို့ ယူဆမိပါကြောင်း၊ လက်ရှိမေးခွန်းစာရွက်များဟာလည်း စာရွက်အရည်အသွေး ကောင်းမွန်မှုမရှိတဲ့အတွက် ကောင်းမွန်တဲ့ စာရွက်အမျိုးအစားများကိုသာ သုံးစွဲသင့်ပါကြောင်း မိဘပြည်သူတို့ရဲ့ သဘောထားကို သိရှိရပါတယ်။ သို့ပါ၍ တင်ပြမေးမြန်းလိုသည်မှာ (၁) မေးခွန်းများ

မှားယွင်းခဲ့ခြင်းမှန်ကန်ပါက နောင်တွင်မဖြစ်ပေါ်စေရေး ပညာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်ထား ရှိမှု၊ (၂) တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် အရေးကြီးပါသဖြင့် အရည်အသွေးကောင်းမွန်သော စာရွက်အမျိုးအစားများကို သုံးစွဲရန် ပညာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ရှိ၊ မရှိ သိရှိလိုတဲ့အတွက် မိဘပြည်သူများရဲ့ ကိုယ်စား မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက်တင်ပြဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာမေးခွန်းမှာ Section C (Answer Any Six Questions) မေးခွန်းအမှတ်စဉ် 10(a) မှာ a.p အစား Typing Error ဖြစ်၍ ကွန်ပျူတာတွင် Shift နှိပ်မိပါက a>p ဟု ရိုက်နှိပ်မိခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ ကိစ္စအတွက် ကျောင်းသူကျောင်းသားများအနေဖြင့် နစ်နာမှုမရှိစေရေးအတွက်လည်း စိစစ် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းစာရွက်ရဲ့ အရည်အသွေးကိုတစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံခြားစက္ကူ Foreign Paper 70 gram ကို အသုံးပြုထားခြင်းကြောင့် စာရွက်အရည်အသွေးမှာ ပြည့်မီပြီး အဆင့်မြင့်ကောင်းမွန်ပါကြောင်းနှင့် နောက်နောင်မေးခွန်းမှားယွင်းမှုမျိုးမဖြစ်ပေါ်စေရေး အတွက်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

## ကော်မရှင်အဖွဲ့ဝင်တိုးချဲ့ဖွဲ့စည်းခြင်း၊ လွှတ်တော်ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကော်မတီ ၁၉ ခုသက်တမ်းတိုးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် အမြဲတမ်းကော်မတီ ၄ ခုကို ၂၀၁၁ ခုနှစ်၊ မတ်လတွင်လည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းခဲ့သော လွှတ်တော် ကော်မတီ ၁၉ ခုကို ၅-၉-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးကော်မတီကို ၇-၈-၂၀၁၂ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းခဲ့ပါတယ်။ ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အား

အဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင် ကျောက်မဲမဲဆန္ဒနယ်မှ ဦးဆောင်ဆီအစား မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအပါအဝင် ဖွဲ့စည်းထားသော ကော်မတီများ၏ ပြင်ဆင်ဖွဲ့စည်းတဲ့အမည်စာရင်းကိုလည်း ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ၅-၉-၂၀၁၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ကော်မတီ ၁၉ ခုရဲ့ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့၏ နောက်တစ်ရက်ဖြစ်သော ၅-၉-၂၀၁၂ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် တင်ပြခဲ့တဲ့ကော်မရှင်အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း၊ လွှတ်တော်ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကော်မတီ ၁၉ ခု သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူပါမယ်။ အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါ သည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မရှင်အဖွဲ့ဝင်တိုးချဲ့ဖွဲ့စည်းခြင်း၊ လွှတ်တော်ကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကော်မတီ ၁၉ ခု သက်တမ်းတိုးခြင်းတို့ကို အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော နိုင်ငံခြားဆက်ဆံရေး အက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ၂၈-၆-၂၀၁၂ ရက်မှာ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူကြောင်း ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာပါတယ်။ ဒါကြောင့် လွှတ်တော်နှစ်ရပ်က သဘောတူတယ်လို့ မှတ်ယူမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော တရားရုံးများ မထိမဲ့မြင်ပြုမှု ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော တရားရုံးများ မထိမဲ့မြင်ပြုမှုဥပဒေကြမ်းကို လွှတ်တော်က ၁၅-၈-၂၀၁၂ ရက်တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ယင်းဥပဒေကြမ်းကို စိစစ်ပြီး ကော်မတီ၏ အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၂၄-၈-၂၀၁၂ ရက်နေ့ ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ပထမကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းသော တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင် စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များကဆွေးနွေးခဲ့ကြရာကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ဆွေးနွေးချက်တွင်ပါရှိသော ကသာခရိုင်တရားရုံးမှ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍ ပြန်လည်စီစစ်သုံးသပ်ဆောင်ရွက်မှု အခြေအနေကိုတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့တွင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခဲ့ကြရာ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ ဆွေးနွေးချက်တွင်ပါရှိသော ကသာ ခရိုင်တရားရုံးမှ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များက ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြန်လည်တင်ပြရန်ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီဆုံးဖြတ်ချက်နှင့်စပ်လျဉ်းပြီး သုံးသပ်တင်ပြဖို့ ကောလင်း မဲဆန္ဒနယ်မှ ဦးတင်ဝင်းကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား စတင်ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် လူကြီးမင်းများအားလုံး လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော့်အနေနဲ့ ဦးတင်ဝင်းရဲ့ကိုယ်စား ဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူတွေရဲ့ အားကိုးယုံကြည်မှုကိုရရှိတဲ့ တရားစီရင်ရေးမဏ္ဍိုင်ကြီး ဖြစ်လာဖို့ဆိုရင် အားလုံးက ဝိုင်းဝန်းကူညီထောက်မပေးကြရမှာ ဖြစ်ပါ တယ်။ အမှုကို စစ်ဆေးစီရင်တဲ့ တရားသူကြီးများကလည်းပဲ အမှုရဲ့ဖြစ်စဉ်အပေါ်မှာ မှန်မှန်ကန်ကန် သုံးသပ်ဝေဖန် ဆုံးဖြတ်ပေးပါမှ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကိုရကြမှာ ဖြစ်ပါတယ်။ အချို့ အမှုတွေမှာ တရားရုံးရဲ့လွဲမှားစွာ ဆုံးဖြတ်ခဲ့မှုတွေ အဲဒီလို လွဲမှားမှုတွေကြောင့် ဒုက္ခပင်လယ်ဝေရ၊ လူမှုရေး၊ စီးပွားရေးဆုံးရှုံးရ တရားခံအဖြစ် မှားယွင်းစွာတရားစွဲဆိုခံရပြီး သေဒဏ်အပြစ်ပေးခံရတဲ့ ဖြစ်စဉ်တစ်ခုကို အလေးအနက်ထား တင်ပြလိုပါတယ်ခင်ဗျား။ ကသာခရိုင်၊ ကောလင်းမြို့နယ်မှာ လွယ်မောက်တောင်ဘုရားဆိုတာရှိပါတယ်။ အဲဒီလွယ်မောက်တောင်ဘုရားပွဲဟာ လွန်ခဲ့တဲ့ ၁၀ နှစ်

အတိအကျအားဖြင့်တော့ ၆-၄-၂၀၀၂ ခုနှစ်မှာ ပွဲကြည့်လာတဲ့ ကန့်ဘလူမြို့နယ် ပုဏ္ဏားကျွန်း ကျေးရွာက မအေးအေးဆင့်ဆိုတဲ့ မိန်းကလေးဟာ ပွဲကြည့်နေရာကနေ မနက် ၁ နာရီ ဝန်းကျင်မှာ အစ်ကိုဝမ်းကွဲတော်တဲ့ မောင်နိုင်ဝင်းကို အဖော်ခေါ် ပွဲခင်းအပြင်ကိုထွက် အလေးအပေါ့သွားပြီး အဲဒီအချိန်ကာလမှာ လူသုံးယောက်က မောင်နိုင်ဝင်းကို တုတ်နဲ့ရိုက်၊ ဓားနဲ့ထိုး မအေးအေးဆင့်ကို မတော်မတရားကျင့်ကြံပြီးတော့ လည်ပင်းကဆွဲကြိုးကိုဖြတ်ယူ အဲဒီလိုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါတယ် ခင်ဗျား။ အဲဒီဖြစ်စဉ်မှာ ပြစ်မှုကျူးလွန်သူများလို့ ယူဆရတဲ့ တရားခံအဖွဲ့ ၂ ဖွဲ့ ပေါ်ပေါက်ပါတယ်။ ပထမတစ်ဖွဲ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထင်မြင်ချက်နဲ့ တရားစွဲဆိုခဲ့တဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃ ဦး ဖြစ်ပါတယ်။ ဘုရားပွဲတော် လုံခြုံရေးတာဝန်ကိုထမ်းဆောင်နေကြတဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃ ဦး ဖြစ်ပါတယ်။ အမည်အားဖြင့် မောင်ဝင်းအောင်၊ မောင်အောင်ချမ်းဦးနဲ့ မောင်စောဝေမိုးတို့ဖြစ်ပါတယ်။ နောက် ဒုတိယပြစ်မှုကျူးလွန်သူလို့ ယူဆရတဲ့ အဖွဲ့တစ်ဖွဲ့ကတော့ဖြင့် အထက်မြန်မာပြည် မှုခင်းတပ်ဖွဲ့မှူးရုံး (မန္တလေး)က ဒုတိယရဲမှူးစံသိန်း စုံစမ်းတင်ပြတဲ့ ဆန်းဦး၊ မောင်ကြီးနဲ့ ဘိုလင်းတို့ ဆိုတဲ့ ၃ ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားခံများအဖြစ်နဲ့တင်ပြခဲ့တဲ့ အရန်မီးသတ် တပ်ဖွဲ့ဝင် ဝင်းအောင်ပါ ၃ ဦး တို့ဟာ အခင်းဖြစ်တဲ့ညမှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေပြီးမှ ၎င်းတို့အိမ်ကို ည ၁၁ နာရီ ဝန်းကျင်မှာပြန်သွားကြပါတယ်ခင်ဗျား။ အခင်းဖြစ်တဲ့ညက လကွယ်ည ဖြစ်တယ်။ တရားလို မအေးအေးဆင့်က ကျူးလွန်သူများဟာ ဘောင်းဘီရှည်ဝတ်ထားပါတယ်။ အနက်ရောင်ဖြစ်ပါတယ်လို့ ထွက်ဆိုတဲ့အတွက် တာဝန်ကျ မီးသတ်ရဲဘော်များကို စုံစမ်းတဲ့အခါ စွပ်စွဲခံရတဲ့ ဝင်းအောင်ဟာ နောက်တစ်နေ့ မနက်စောစောမှာ ရေချိုးပြီး အဝတ်အစားတွေ လျှော်ထား တာတွေ့ရတာဖြစ်တဲ့ အတွက် မသင်္ကာလို့ဖမ်းဆီးပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ တရားခံ ဝင်းအောင်ကို တရားလိုက လူစီတန်းပြရာမှာ စွပ်စွဲပြသနိုင်တယ်လို့ဆိုတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကသာခရိုင် တရားရုံးမှာ အချုပ်ထဲမှာအတူတူ ဝင်းအောင်နဲ့ကျခံရတဲ့ တရားခံ ၂ ဦးက ရဲစခန်း အတွင်းမှာ၊ အချုပ်မှာ လျှို့ဝှက်ကင်မရာကို တပ်ပြီးတော့ တရားခံအဖြစ် စွပ်စွဲခံရတဲ့ ဝင်းအောင်ကို ကင်မရာနှင့်ရိုက်ခဲ့ပါတယ်လို့ ထွက်ဆိုချက်ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဝင်းအောင်သည် မှားယွင်းစွာတရားစွဲဆိုခံရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီလို မှားယွင်းစွာတရားစွဲဆိုခဲ့လို့လည်းပဲ ကောလင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းက စခန်းမှူးနှင့်အဖွဲ့ဟာ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုတွေကိုခံရ၊ အလုပ်မှရပ်စဲခံရ၊ သတိပေးခံရ၊ နယ်ပြောင်းရွှေ့ခံကြရတဲ့ အရေးယူမှုများကို ခံခဲ့ကြရပါတယ်။ ဒုတိယပြစ်မှုကျူးလွန်သူလို့ ယူဆရတဲ့ နောက်တစ်ဖွဲ့နဲ့ပတ်သက်ပြီးတော့ အထက်မြန်မာပြည် မှုခင်း

တပ်ဖွဲ့မှူးရုံး(မန္တလေး)က ဒုတိယရဲမှူး စံသိန်းက တာဝန်အရ စုံစမ်းဖော်ထုတ်ရာမှာ အခင်းဖြစ်တဲ့ညက တရားလိုမိန်းကလေးရဲ့ လည်ပင်းက ဖြုတ်ယူသွားတဲ့ ဆွဲကြိုးကို မူရင်းအတိုင်းပြန်လည်ရရှိအောင် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မှာ ကျူးလွန်ခဲ့သူ ဆန်းဦးက ဆွဲကြိုးကိုပေါင်တယ်။ နောက်ပြန်ရွေးတယ်။ နောက်တစ်ခါ အပြတ်ရောင်း ပစ်လိုက်တယ်။ ဒီဆွဲကြိုးဟာ အမှုနဲ့ပတ်သက်နေတဲ့အတွက် ဒုတိယရဲမှူးစံသိန်းကနေပြီးတော့မှ ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်တဲ့ ဆန်းဦးဟာ သူထွက်မပြေးခင် ငါကတော့ မနေ့ညက ဘယ်လို၊ ဘယ်လိုကျူးလွန် လိုက်ပြီ၊ ဒီမှာနေလို့မရတော့ဘူး။ ငါ့ဆွေမျိုးမိဘ အသိုက်အဝန်းကိုစောင့်ရှောက်ပါလို့ ဘိုနီ၊ မောင်စိုးနှင့် ညွန့်မောင်တို့ကိုပြောဆိုခဲ့ပါတယ်။ ဒီအချက်ကိုလည်းပဲ ဒုတိယရဲမှူးစံသိန်းက ဖော်ထုတ်နိုင်ပြီး။ ကောလင်းတရားရုံးမှာ ကြိုတင်ထွက်ချက်များပေးနိုင်ခဲ့ပါတယ်။ ဒုတိယရဲမှူးစံသိန်းဟာ တရားခံဝင်းအောင်ရဲ့ အမှုစစ်ဆေးတဲ့ ကသာခရိုင်တရားရုံးကို သူတို့ ဝင်းအောင်ပါ ၃ ဦးဟာ တရားခံအစစ်အမှန်များမဟုတ်ကြောင်း တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ အမှုကိုစစ်ဆေးတဲ့အခါမှာ ကသာခရိုင်တရားသူကြီးဟာ ဒုတိယရဲမှူးစံသိန်းကို သက်သေအဖြစ်နဲ့ ခေါ်ယူစစ်ဆေးခဲ့ခြင်းမရှိပါဘူး။ ဒုတိယရဲမှူးစံသိန်းဖော်ထုတ်ပြီး ပေါ်ပေါက်လာတဲ့သက်သေများဖြစ်တဲ့ ဘိုနီ၊ မောင်စိုးနဲ့ ညွန့်မောင်တို့ရဲ့ ထွက်ချက်များဟာလည်းပဲ ယုတ္တိမတန်တဲ့ ထွက်ချက်ပါလို့သုံးသပ်ခဲ့ပါတယ်ခင်ဗျား။ အမှုမှာ ဘိုနီ၊ မောင်စိုး၊ ညွန့်မောင်တို့ဟာ ပြစ်မှုကျူးလွန်တဲ့ ဆန်းဦးနဲ့သာဆက်စပ်ကြတဲ့သူတွေဖြစ်ပါတယ်။ ရုံးတော်မှာလည်းပဲ တရားခံဝင်းအောင်ကို သိရှိခြင်းမရှိကြောင်း ထွက်ဆိုချက်တွေရှိပါတယ်။ သို့သော်လည်းပဲ ကသာခရိုင်တရားသူကြီးက စီရင်ဆုံးဖြတ်သုံးသပ်တဲ့နေရာမှာ သက်သေတို့ရဲ့ သဘာဝသည် မိမိနဲ့ခင်မင်ရင်းနှီးသူ၊ ဆက်စပ်ပတ်သက်သူများကို တရားခံအဖြစ်မှ လွတ်ကင်းအောင် အမှန်တကယ် တွေ့မြင်ခဲ့တဲ့အတိုင်း မိမိနဲ့ပတ်သက်တဲ့သူ ပြစ်ဒဏ်ကျခံရမှာစိုးတဲ့အခါ အမျိုးမျိုးကွယ်ဝှက်ထိန်ချန် ထွက်စမြဲဖြစ်ပါတယ်လို့ သုံးသပ်ခဲ့ပါတယ်။ ညွန့်မောင်၊ ဘိုနီနှင့် မောင်စိုးတို့ရဲ့ ထွက်ချက်များဟာ သဘာဝနဲ့ဆန့်ကျင်တဲ့ ယုတ္တိမတန်တဲ့ ဖန်တီးထားတဲ့ ထွက်ဆိုချက်တွေပါလို့ သုံးသပ်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီအမှုမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေဖြစ်တဲ့ ဝင်းအောင်က သေဒဏ်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ကတော့ ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခံခဲ့ကြရပါတယ်ခင်ဗျား။ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ကတော့ ပြစ်ဒဏ်နှစ်စေ့လို့ လွတ်မြောက်လာကြပါပြီ ဝင်းအောင်ကတော့ဖြင့် ယနေ့ထိတိုင်ပဲ ကသာထောင် ကြိုးတိုက်ထဲမှာ ပြစ်ဒဏ်ကျခံရဆဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မြန်မာပြည် မှုခင်းတပ်ဖွဲ့ခွဲမှူးရုံး(မန္တလေး)က ဒုတိယရဲမှူး စံသိန်းဟာ တရားခံအစစ်အမှန်တွေ ဘယ်သူဘယ်ဝါဖြစ်တယ်လို့ဆိုတယ်။ လူသက်သေ၊ ပစ္စည်း သက်သေတွေနဲ့ ခိုင်ခိုင်လုံလုံတင်ပြသော်လည်းပဲ ကသာခရိုင်တရားသူကြီးက တရားခံအစစ် အမှန်မဟုတ်တဲ့သူများကို ပြစ်ဒဏ်ကျခံခိုင်းခဲ့ခြင်းဟာ ဘဝနစ်နာဆုံးရှုံး၊ မိသားစုများစီးပွားပျက်၊ လူမှုဒုက္ခများစွာ ခံစားကြရတဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။ ဒီတော့ ကသာခရိုင်တရားသူကြီးရဲ့ မှားယွင်း ဆုံးဖြတ်မှုကို ကျွန်တော်တို့ ဘယ်လိုပုံနဲ့ကုစားကြပါမလဲ။ ထောင်ဒဏ်ကျခံနေရတဲ့ ဝင်းအောင်ကိုလည်း ဘယ်လို ကျွန်တော်တို့ နစ်နာမှုကို ကူညီဆောင်ရွက်ပေးနိုင်မလဲ။ မှားယွင်းစွာဆုံးဖြတ်သော ခရိုင်တရားသူကြီးကိုလည်းပဲ မည်ကဲ့သို့ အပြစ်ပေးပါမလဲ။ ဒီအချက်အလက်များနဲ့ပတ်သက် ပြီးတော့မှ ကျွန်တော့်တို့တွေဟာ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်လာစေဖို့ရာ ဝိုင်းဝန်းကူ ထောက်မပေးသင့်လှပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီမှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ ဆွေးနွေးချက်တွင်ပါရှိသော ကသာခရိုင် တရားရုံးမှ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ် သုံးသပ်ချက်ကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး၌ ကောလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဝင်း၏ဆွေးနွေး တင်ပြချက်တွင်ပါရှိသော ကသာခရိုင်တရားရုံးမှစစ်ဆေးစီရင်ခဲ့သည့် ကန့်ဘလူမြို့နယ် ပုဏ္ဏားကျွန်း ရွာနေ မအေးအေးဆင့်အပေါ် ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် အရေးယူပြစ်ဒဏ်ချမှတ်ထားခြင်းအား စိစစ်ဆောင်ရွက်မှုအခြေအနေကိုတင်ပြရန် ရည်ညွှန်းစာဖြင့်ပေးပို့လာခဲ့ပါသည်။

၂။ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၏ဆွေးနွေးချက်တွင်ပါရှိသော အချက်အလက်များအား လေ့လာကြည့်ရှုခဲ့ရာအောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ၆-၄-၂၀၀၂ ရက်နေ့ ကောလင်းမြို့နယ် လွယ်မောက်တောင်ဘုရားပွဲ၌ ကန့်ဘလူ မြို့နယ် ပုဏ္ဏားကျွန်းရွာနေ မအေးအေးဆင့်အား လူ ၃ ဦးမှ မတရားကျင့်ကြံ၍

မအေးအေးဆင့်နှင့်အတူပါလာသည့် နိုင်ဝင်းကိုတုတ်ဖြင့်ရိုက်၊ ဓားနဲ့ထိုးခဲ့ခြင်းဖြစ်ပါသည်။

(ခ) အမှုအား ကောလင်းမြို့နယ်ရဲစခန်းမှစစ်ဆေးပြီး ဝင်းအောင်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့အား ကသာခရိုင်တရားရုံးသို့တရားစွဲတင်ပေးပို့ပြီး ဝင်းအောင်အား သေဒဏ်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့အားထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ အောင်ချမ်းဦးနှင့် စောဝေမိုးတို့မှာ ယနေ့အချိန်၌ ပြစ်ဒဏ်စေ့၍လွတ်မြောက်လာသော်လည်း ဝင်းအောင်မှာ ကသာထောင်ကြိုးတိုက်ထဲ၌ ပြစ်ဒဏ်ကျခံနေရဆဲဖြစ်ပါသည်။

(ဂ) ၎င်းအမှုအား အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ရုံးမှ ဒုတိယရဲမှူးစံသိန်းကလည်း အထက်အဖွဲ့အစည်း၏ တာဝန်ပေးချက်အရ သီးခြားဖော်ထုတ်ခဲ့ရာပြစ်မှုကျူးလွန်သူ ဆန်းဦးပါ ၃ ကိုလည်း ယခုအမှု၏တရားခံ အဖြစ်စုံစမ်းဖော်ထုတ်ခဲ့ပါသည်။ ၎င်းတို့အား ယနေ့အချိန်ထိ ဖမ်းဆီးရမိခဲ့ခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ကသာခရိုင်တရားရုံးမှသက်သေ ဘိုနီ၊ မောင်စိုးနှင့် ညွှန့်အောင်တို့အားစစ်ဆေးပြီး ၎င်းတို့၏ထွက်ချက်များမှာ သဘာဝယုတ္တိမတန်ဟုသုံးသပ်ပြီး တရားခံဝင်းအောင်ပါ ၃ ဦးအား ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်းတွေ့ရှိရပါသည်။

(င) အမှုနှင့်ပတ်သက်ပြီး တရားစွဲဆိုခံထားရသော ဝင်းအောင်ပါ ၃ ဦးမှာ တရားခံ အစစ်မဟုတ်ကြောင်း၊ ဆန်းဦးပါ ၃ ဦးမှာ တရားခံအစစ်အမှန်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေးကိုကြိုးစားနေကြောင်း ဒုတိယရဲမှူးစံသိန်းမှ ကသာခရိုင်တရားရုံးသို့ တရားဝင်စာဖြင့်တင်ပြခဲ့ကြောင်းတွေ့ရှိရပါသည်။

၃။ အထက်အပိုဒ် ၂ ပါ လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်းကောက်ယူသုံးသပ်ရရှိပါသည်-

(က) ကသာခရိုင်တရားရုံး၌ ဝင်းအောင်ပါ ၃ ဦးအမှုအားစစ်ဆေးနေစဉ် မှုခင်းတပ်ဖွဲ့မှ ဖော်ထုတ်ရရှိသော တရားခံဆန်းဦးပါ ၃ ဦးအား ဖမ်းဆီးနိုင်ခြင်းမရှိသည်မှာ အမှု၏ အမှန်တရားဦးတည်ချက်အား လမ်းကြောင်းပြောင်းသွားသည်ဟုသုံးသပ်ရရှိပါသည်။

(ခ) သက်သေများဖြစ်သော ဘိုနီ၊ မောင်စိုးနှင့် ညွန့်အောင်တို့၏ထွက်ဆိုချက်များမှာ ခိုင်မာမှု ရှိ၊ မရှိ၊ ယုတ္တိ ရှိ၊ မရှိ။ ဝင်းအောင်အပါ ၃ ဦးအပေါ် ပြစ်ဒဏ်အသီးသီးချမှတ်ထားခြင်းမှာ အမှုတွဲပါသက်သေခံချက်များအရ မှန်၊ မမှန်ကို သိရှိနိုင်ရန်အတွက် ကသာခရိုင်တရားရုံး၏ မူလရုံးအမှုတွဲအားလေ့လာကြည့်ရှုမှသာ သိရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မှူခင်းတပ်ဖွဲ့မှဖော်ထုတ်ခဲ့သည့် တရားခံပြေးများဖြစ်ကြသော ဆန်းဦးပါ ၃ ဦးအား သက်ဆိုင်ရာရဲစခန်းမှ တရားခံပြေးမှုဖွင့်လှစ်ပြီး ကသာခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခြင်း ရှိ၊ မရှိ။ ဒုတိယရဲမှူးစံသိန်းမှ ကသာခရိုင်တရားရုံးသို့ တရားဝင်စာဖြင့် အကြောင်းကြားထားခြင်းရှိ၊ မရှိစသည့် အချက်များမှာ အမှု၏အဓိကအရေးပါသော အထောက်အထားများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ မူလတရားရုံးအမှုတွဲအား အသေးစိတ်စိစစ်နိုင်မှသာလျှင် မှန်ကန်စွာ သုံးသပ်တင်ပြနိုင်မည်ဖြစ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ စိစစ်စေသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဝင် ဦးသန်းထွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းရဲ့ ဆွေးနွေးချက်မှာပါရှိတဲ့ ကသာခရိုင်တရားရုံးက စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်တဲ့ ချမှတ်ချက်နှင့်စပ်လျဉ်းပြီး ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်မှုအခြေအနေကို ကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၁။ အမှုမှာ ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာဘုရားပွဲတွင် မအေးအေးဆင့်သည် အစ်ကိုဝမ်းကွဲတော်သူ မောင်နိုင်ဝင်းနှင့် ပွဲခင်းအရှေ့ဘက်သို့ အပေါ့စွန့်ရန် သွားစဉ် လူ ၃ ဦးမှ မောင်နိုင်ဝင်းအား တုတ်နှင့်ရိုက်၊ ဓားနှင့်ထိုးသတ်ပြီး မအေးအေးဆင့်အား မုဒိမ်းပြုကျင့်ပြီး ဆွဲကြိုးလုယူသွားသဖြင့် ရဲတပ်ဖွဲ့မှအမှုဖွင့်လှစ်ပြီး ကသာခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ကာ ကသာခရိုင်တရားရုံးမှ တရားခံ ၃ ဦးအား ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပြီး ယင်းသို့ချမှတ်သည့် တရားရုံးအမှုမှာ မှန်ကန်မှုမရှိသဖြင့် ဖြစ်ရပ်မှန်ပေါ်ပေါက်ပြီး ပြစ်ဒဏ်မှ လွတ်မြောက်ရေးအတွက် ဤကော်မတီသို့ ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ဦးတင်ဝင်း၏ ပူးတွဲပါအမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို လေ့လာသုံးသပ်ရာတွင်-

(က) တရားခံများမှာ အပြစ်မရှိကြောင်း ထွက်ဆိုထားသည့် တရားခံပြသက်သေထွက်ဆိုချက် မိတ္တူများကိုသာ ပူးတွဲတင်ပြထားရှိပြီး စီရင်ဆုံးဖြတ်ရာတွင် အရေးကြီးသည့် တရားလို နှင့်တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်မိတ္တူများ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်း ဓား၊ ဆွဲကြိုးစသည်တို့ကို သိမ်းဆည်းသည့်ရှာဖွေ ပုံစံမိတ္တူများ၊ ဓာတုဗေဒနှင့် ကျွမ်းကျင်သူပါရဂူများ၏ ထင်မြင်ချက်ပြန်ကြားစာများ ပူးတွဲမပါရှိသဖြင့် ပြည့်စုံစွာသုံးသပ်နိုင်ခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အမှုစစ်ဆေးဆဲကာလတွင် တရားခံမဟုတ်ဘဲတရားစွဲဆိုခံရသဖြင့် နစ်နာလျက်ရှိကြောင်း တိုင်ကြားချက်အရ အထက်မြန်မာပြည်မှုခင်းတပ်ဖွဲ့ရုံး(မန္တလေး)မှ ဒုရဲမှူးစံသိန်း ဦးဆောင်သောအဖွဲ့မှ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်မေးချက်အရ ဆန်းဦး၊ မောင်ကြီးနှင့် ဘိုလင်းမှာ ပြစ်မှုကျူးလွန်ကြောင်း၊ အမှုမှာအမှန် တကယ်ကျူးလွန်သူများ ဖမ်းဆီးရရှိ ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၈-၄-၂၀၀၃ ရက်စွဲဖြင့် ကသာခရိုင် တရားသူကြီးထံ စာဖြင့်ရေးသားတင်ပြထားပြီး ၃-၁၀-၂၀၀၃ ရက်နေ့တွင် ကသာခရိုင် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်းတွေ့ရှိရပါသည်။

(ဂ) ဦးတင်ဝင်း၏ တင်ပြစာတွင် တရားခံများအပြစ်မှားယွင်းစွာ တရားစွဲဆိုခဲ့ကြသည့် စခန်းမှူးနှင့်အဖွဲ့အား စုံစမ်းစစ်ဆေး၍ အပြစ်ပေးအရေးယူခံရကြောင်း ဖော်ပြပါရှိ သော်လည်း အပြစ်ပေး အရေးယူခံရသည့် ပူးတွဲအထောက်အထားများ မပါရှိကြောင်း တွေ့ရှိရပါသည်။

၃။ မှုခင်းတပ်ဖွဲ့၏အစီရင်ခံစာအရ ပြစ်မှုအမှန်တကယ် ကျူးလွန်သူများ ဖမ်းဆီးရမိရေး အတွက် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် မှုခင်းတပ်ဖွဲ့က ထင်မြင်ယူဆသည့် တရားခံ များအား ယနေ့အချိန်ထိ ဖမ်းဆီးရမိခြင်းမရှိသေးပါသဖြင့် သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနသို့ ရည်ညွှန်းချက်(၂)ပါစာဖြင့် အမှုတွဲလွှဲပြောင်းပေးပို့ထားရှိပြီး ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနမှ ယနေ့အထိ ပြန်ကြားမှု မရရှိသေးပါကြောင်း တင်ပြအပ်ပါသည်။

၄။ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနနည်းတူ အခြားသောသက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီး ဌာနများသည်လည်း တရားစီရင်ရေးနှင့်ပတ်သက်သော တင်ပြစာများနှင့် စပ်လျဉ်း၍ ကော်မတီသို့ ပြန်ကြားခြင်းများ ဆောင်ရွက်မှုမရှိပါကြောင်းလည်း တင်ပြအပ်ပါသည်။

၅။ အမှုတွဲတွင် ပါရှိသင့်သည့် အထောက်အထားများအား ပြည့်စုံစွာ အသေးစိတ်လေ့လာ စိစစ်နိုင်မှသာလျှင် မှန်ကန်မျှတသင့်မြတ်သည့် သုံးသပ်ချက်အား တင်ပြနိုင်မည်ဖြစ်ပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကသာ ပြန်လည်သုံးသပ်စေသင့်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမန်းမောင်မော်ညာဏ်(အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)**။ ။ ကျွန်တော်ကတော့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကိုယ်စား ကျွန်တော် တင်ပြမှာဖြစ်ပါတယ်။ အမှုသွား အမှုလာနှင့် ပတ်သက်လို့ကတော့ စောစောကပုဂ္ဂိုလ်များ တင်ပြသွားတာ တော်တော်လေးပြည့်စုံပါတယ်။ အမှုရဲ့အသေးစိတ်၊ အသွားအလာကိုသာ မလေ့လာရပေမယ်လို့ ဥပဒေရဲ့လုပ်ကိုင်ဆောင်ရွက်တဲ့ အားနည်းချက်လေးတွေကို နည်းနည်းသုံးသပ် ရရှိတာလေးကို တင်ပြချင်ပါတယ်။ ပထမအချက်က ဒီကိုဝင်းအောင်တို့၊ ကိုအောင်ချမ်းတို့၊ စောဝေမိုးတို့ ၃ ဦးဟာ မအေးအေးဆင့်ရဲ့ လက်ညှိုးထိုးတာ တစ်ချက်တည်းနှင့် သေဒဏ်ကျပြီး ထောင်ကျသွားတဲ့ အဖြစ်ရောက်သွားပါတယ်။ အဲတော့ ဒါဟာလည်းပဲ သေသေချာချာ ပြောမယ်ဆိုရင် အချက်အလက် ခိုင်ခိုင်လုံလုံနဲ့ သက်သေအထောက်အထားတွေ ရဲဘက်ကလည်း တင်ပြနိုင်ရမယ်။ တရားသူကြီးကလည်း ဆုံးဖြတ်ပေးနိုင်ရမယ်။ ဒီလိုရှိပါတယ်။ ဒါဥပဒေကြောင်းအရ။

ဒုတိယတစ်ချက်က ဒီကိုဝင်းအောင်တို့၊ ကိုအောင်ချမ်းတို့၊ စောဝေမိုးတို့ တရားစစ်နေစဉ်ကာလမှာပဲ သတင်းတစ်ခုက ထွက်လာပါတယ်။ သူတို့သည် တရားခံ ၃ ဦးမဟုတ်ကြောင်း တကယ်တရားခံအစစ်က ဆန်းဦးတို့၊ ဘိုလင်းတို့၊ မောင်ကြီးတို့ ဖြစ်ကြောင်း သတင်းထွက်လာပါတယ်။ ဒါဟာ တရားစစ်နေစဉ်မှာ ထွက်လာတာပါ။ ဒီလိုတရားစစ်နေစဉ်မှာ ဒီလိုသတင်းထွက်လာပြီဆိုတဲ့အခါကျတော့ ဒါကို ဖော်ထုတ်ဖို့ မလိုဘူးလား။ ဖော်ထုတ်ဖို့ လိုပါတယ်။ ဒီအမှန်တကယ် တရားစီရင်တဲ့ ကဏ္ဍကို ဥပဒေအချက်အလက်တွေနဲ့ ပေးပို့ဖို့၊ ဖော်ထုတ်ဖို့ရာ ပြည်သူတွေမှာ တာဝန်ရှိပါတယ်။ ပြည်သူ့ရဲရဲ့ အားနည်းချက်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လဲဆိုရင် သတင်းထွက်ပြီဆိုရင် ရဲကလုပ်တတ်ပါတယ်။ တရားရုံးမှာ သတင်းထွက်ပြီဆိုရင် အမှန်အကန်ဖော်ထုတ်နိုင်ဖို့အတွက် Source တွေက အများကြီးပဲ။ နောက်တစ်ခုက အမှုဖြစ်တဲ့ကာလကြည့်တဲ့အခါကျတော့ ကောလင်းမြို့နယ်ထဲက ရွာတစ်ရွာမှာ ရွာဆိုတာ တော်ရုံတန်ရုံ ဖုံးဖိလို့သိပ်မလွယ်ပါဘူး။ ဖော်ထုတ်လို့ လွယ်ပါတယ်။ ဒီလို ကြည့်ရပါမယ်။

အဲဒီလိုပဲ ဖြစ်ပျက်တဲ့အခါကျတော့ တစ်ခါ ရဲဘက်က သူကလည်း ပြောတယ်။ မူလအခု တရားစွဲတဲ့ လူတွေဟာ တရားခံအစစ်မဟုတ်ပါဘူး။ တရားခံအစစ်က ထွက်ပြေးနေပါတယ်လို့ ပြောတယ်။ ပြောတဲ့ အခါကျတော့ တရားခံတွေကိုလည်း ဖမ်းလို့မမိဘူးလို့ ပြောတယ်။ ဒါလည်း ဖြစ်တတ်ပါတယ်။ တရားခံတွေက ဘယ်ကလူမှန်းလည်း မသိဘူး။ ညကြီးသန်းခေါင် ညဥ့်နက်ထဲမှာ အမှောင်ထဲမှာ အဲဒီတော့ လက်ညှိုးထိုးတာနဲ့ကို တရားခံဖြစ်သွားတယ်ဆိုတဲ့အခါကျတော့ ဒီလို ဖြစ်တတ်တယ်။ ဟိုမှာ မပြောနဲ့ ကျွန်တော်တို့ ရန်ကုန်မှာတောင် ဒါမျိုးတွေ အများကြီးပဲ။ တရားခံကို မဖော်ထုတ်နိုင်တာ အများကြီးပဲ။ ရွှေပြည်သာမှာ အိမ်တစ်လုံးလုံး မီးရှို့တဲ့ပိုင်ရှင်ရော၊ ဘာရော အကုန်လုံးပါသွား၊ သေသွားတယ် ဒါလည်းမဖော်ထုတ်နိုင်ဘူး။ ကျွန်တော်အင်းယားမှာ ဖြစ်တဲ့ကိစ္စတွေ အခုထိ ဒီအတိုင်းပဲ ဆိုတော့ ကျွန်တော်က ဘာပြောချင်လဲဆိုလို့ရှိရင် တရားခံကို ဖော်ထုတ်တဲ့နေရာမှာ ပြည်သူ့ရဲတွေမှာ အများကြီး အရည်အချင်းရှိပါတယ်။ ဒါကြောင့်မို့လို့ တရားရုံးကိုတင်ကတည်းကိုက အထောက် အထားနှင့်ဆိုရင် မပေါ်ခင်မှာ ဒီအမှုကို ဆိုင်းထားလို့ရတယ်။ နောက်တစ်ခုက ပါးစပ်နှင့်သာ ပြောပြီးတော့ သက်သေအထောက်အထားမရှိတဲ့အခါမှာ တရားရုံးရဲ့သဘောကတော့ သက်သေ အထောက်အထား ခိုင်လုံတဲ့ဘက်ကို လိုက်မှာပဲ။ တရားဥပဒေအရ Issue တစ်ခု ဖြစ်လာရင် Version တွေက အများကြီးပဲ။ အဲဒီတော့ သက်သေရှိတဲ့လူဘက်ပဲ လိုက်မှာပဲ။ ဒီလို တွေ့ရ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီအမှုကိစ္စနှင့်ပတ်သက်လို့ မှားတယ်၊ မှန်တယ်ဆိုတဲ့ကိစ္စက သေသေချာချာ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် တရားရုံးကပဲ လေ့လာလို့ရမယ်။ တရားဥပဒေ အပေါ်မှာ အားနည်းချက်တွေကို တင်ပြတာပဲ၊ သုံးသပ်လို့ ရတာပဲဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ပြည်သူ့ရဲကလည်း သူ့တာဝန်အလျှောက် Case တစ်ခု တင်တော့မယ် ဆိုလို့ရှိရင် အထောက်အထား ပြည့်ပြည့်စုံစုံခိုင်ခိုင်လုံလုံနှင့်တင်ရမှာပဲ။ ဒီကိစ္စမှာ ကြည့်လိုက်တဲ့အခါ ကျတော့ တရားခံတွေဘက်က အားနည်းတာရော၊ မန္တလေးတရားရုံးမှာ ဆုံးဖြတ်ပြီးတဲ့အခါကျတော့ သူတို့က အယူခံဆက်မလိုက်ဘူး။ အဲဒါ တရားခံတွေဘက်က အားနည်းတယ်။ သူအယူခံဆက်လိုက် ရမယ်။ ဒါတရားခံဘက်က အားနည်းတယ်။ ဒါပေမယ့် တစ်ဖက်ကပြန်ကြည့်တဲ့အခါကျတော့ တရားရုံးကလည်းပဲ ရဲကတင်လာတဲ့ တရားခံအသစ် ၃ ယောက်ပေါ့လေ။ နောက် ၃ ယောက်ပေါ့။ အဲဒါတွေကလည်း သူကြည့်လိုက်တဲ့အခါကျတော့ ဒီရဲ့ အမှုအခင်းရဲ့အဆိုအရ အထောက်အထား တွေက မပါလာဘူးလို့ဆိုတယ်။ စောစောက တစ်ယောက်တင်ပြသွားတဲ့အရ ဆိုရင်တော်တော် လွယ်ပါတယ်။ ဆွဲကြိုးလည်းရတယ်။ ဆွဲကြိုးပြန်ရထဲက တရားခံဘယ်သူဆိုတာ သိနေပြီ။

ဒါကြောင့်မို့လို့ တရားရေးဘက်က တရားစီရင်တဲ့ဘက်ကလည်း ရဲတွေကမတင်နိုင်လို့လား။ တရားစီရင်တဲ့ဘက်က ရဲကတင်တဲ့ဟာကို အသိအမှတ်မပြုလို့လား ဒီလိုစဉ်းစားစရာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘယ်ကိစ္စမျိုးပဲမဆို တရားရုံးတွေတင်လာတယ်ဆိုရင် တရားဥပဒေစိုးမိုးရေးမှာ သေသေချာချာ အထောက်အထားခိုင်ခိုင်လုံလုံနှင့် ဖြစ်ဖို့လိုပါတယ်။ အဲဒါကြောင့်မို့လို့ ဒီကိစ္စကို ကြည့်မယ်ဆိုလို့ရှိရင် အမှုစုံစမ်းဖော်ထုတ်တဲ့လူများဟာ ယခုထက် ခိုင်မာတဲ့ သက်သေအချက်များကို ဖော်ထုတ်ဖို့၊ တင်ပြဖို့ လိုပါတယ်။ အဲဒီလိုတင်ပြမှ ကျွန်တော်တို့ အမှုမှန်တစ်ခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်ပြီးတော့ အများလက်ခံနိုင်တဲ့ တရားစီရင်ရေးဖြစ်မယ်လို့ ဒီလိုသုံးသပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပါပဲခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂ း ၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၃ း ၀၅ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဆွေးနွေးတဲ့အကြောင်းကိစ္စနှင့်စပ်လျဉ်းပြီး မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်ကလည်း ဖြစ်ပျက်တဲ့အကြောင်းအရာများကို ဦးဝင်းထိန် ထောင်ထဲရှိစဉ်သိရှိရတဲ့အချက်များကို တင်ပြလိုကြောင်းဥက္ကဋ္ဌထံတင်ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပြင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်ပါတယ်။ ဒီကိစ္စမှာ ကျွန်တော့်ကိုဆွေးနွေးခွင့်ပေးတဲ့ဥက္ကဋ္ဌကြီး ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်ဆွေးနွေးဖို့ခွင့်တောင်းရသလဲဆိုတော့ ကျွန်တော်ဟာ ကသာထောင်မှာ ၂၀၀၈ ကနေ ၂၀၁၀ အထိ ၃ နှစ်တိတိနေခဲ့ပါတယ်။ နေခဲ့တဲ့အချိန်မှာ ကြိုးတိုက်မှာ ခုနကဆွေးနွေးသွားခဲ့တဲ့ ကိုဝင်းအောင်နှင့် ကျွန်တော်နဲ့အတူတူ ၂ နှစ်ခွဲလောက် နေခဲ့ရပါတယ်။ ကျွန်တော်ဟာ ကသာထောင် ကို ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှာရောက်ပါတယ်။ ရောက်တဲ့ အချိန်ကစပြီး အဲ့ဒီကိုဝင်းအောင်နဲ့ ဟိုဘက်ခန်း ဒီဘက်ခန်းကြိုးတိုက်မှာနေခဲ့ရတယ်။ နေပြီးနောက် တစ်နေ့ကစပြီးတော့ ကိုဝင်းအောင်ရဲ့အမှုဖြစ်စဥ်တွေ ကျွန်တော် အကုန်ကြားခဲ့ရတယ်။ နေ့စဥ် ရက်ဆက်ကြားခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ကိုဝင်းအောင်နှင့်တကွ သူ့အဖော်တွေဟာ ဘယ်လောက် အထိ မှားမှားယွင်းယွင်းနဲ့ စီရင်ချက်ချခံရတယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း သဘောပေါက် ခဲ့တယ်။ နောက်တစ်ခု နှစ်ကြာလာတဲ့အခါကျတော့ အဲ့ဒီထောင်ကစာရွက်စာတမ်းတချို့ မေတ္တာရပ်ခံပြီး ကြည့်တဲ့အခါမှာလည်း ကိုဝင်းအောင်တို့အမှုဟာ မတရားသဖြင့်တရားစီရင်ချက်ချခံရတယ်ဆိုတာ ကျွန်တော် ကိုယ်တိုင်သဘောပေါက်ပါတယ်။။ ခုနက ဒီကိစ္စနှင့်ပတ်သက်ပြီး တင်ပြသွားတဲ့ အင်းတော် မဲဆန္ဒနယ်က ဦးကျော်နိုင်ဌေးတင်ပြသွားတဲ့အချက်တွေဟာ အကုန်မှန်ပါတယ်။ ကျွန်တော် အချိန်ကို လေးစားသောအားဖြင့် မပြောတော့ပါဘူး။ အကျဥ်းချုပ်ပြောရမယ်ဆိုရင်တော့ ဒီပုဂ္ဂိုလ်တွေ ဖြောင့်ချက်ရအောင် ပြည်သူ့ရဲတပ်ဖွဲ့ကညှဥ်းဆဲပုံတွေ အသေးစိတ်ကျွန်တော်မပြောပါဘူး။ ညှဥ်းဆဲပြီးတော့မှ ဖြောင့်ချက်ရပြီးတော့ အဲ့ဒီတရားခံဆိုတဲ့မိန်းကလေးကို ကိုဝင်းအောင်ဟာ ဘယ်သူလဲဆိုတာကို ဓာတ်ပုံရိုက် ပြတယ်။ CCTV နဲ့ပြတယ်။ ပြပြီးတော့မှ တရားခံလက်ညှိုးထိုးပြီး တော့ခိုင်းတဲ့အခါမှာ ကိုဝင်းအောင် လက်ညှိုးထိုးခံရတယ်။ အဲ့ဒီခံရတဲ့အတွက်ကြောင့်မို့ တရားသူကြီး ကလည်း ဒီအပေါ်မှာ မူတည်ပြီးတော့မှ သေဒဏ်ချလိုက်ရတယ်။ ဒါပေမယ့် သူ့အဖော် ၂ ယောက် ကတော့ ၁၀ နှစ်စီပေါ့။ ဒီပုဂ္ဂိုလ်တွေဟာ ဘာမှမကျူးလွန်ဘဲနဲ့ ဒီပုဂ္ဂိုလ်တွေဟာ ရပ်ရေးရွာရေးမှာ ပရဟိတစိတ်ရှိတဲ့ပုဂ္ဂိုလ်ပါ။ ကလေးတွေ လူငယ် ၂ ယောက်ရယ်၊ လူကြီး ၁ ယောက်ရယ်။ အဲ့ဒီ ပရဟိတစိတ်ရှိတဲ့အတွက်ကြောင့်မို့လို့ အရန်မီးသတ်မှာပါဝင်ရင်းနဲ့ အဲ့ဒီဒေသကပွဲတစ်ခုမှာလုံခြုံရေး လုပ်တယ်။ လုံခြုံရေးလုပ်ရင်းနဲ့မှ သူတို့တာဝန်ချိန်ပြီးလို့ပြန်တဲ့အချိန်နှင့် အဲ့ဒီအမှုဖြစ်တဲ့အချိန်နဲ့တိုက် ဆိုင်မှုကြောင့် ဒီလိုအရေးယူခံရတာပါ။ ဒီမှာ တစ်ခုတင်ပြစရာရှိတာက ယခုကြွရောက်လာကြတဲ့

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကြီးများကို တစ်ခုတင်ပြလိုတာက မြန်မာနိုင်ငံမှာလည်းရှိပါတယ်။ နိုင်ငံခြားမှာလည်းရှိပါတယ်။ သက်ဆိုင်ရာတာဝန်ကျတဲ့ မြို့နယ်ရဲမှူး၊ ခရိုင်ရဲမှူးတွေဟာ သူတို့ဆီမှာအမှုဖြစ်တယ်ဆိုရင် အထူးသဖြင့် ကြီးကျယ်တဲ့အမှုဖြစ်ရင် သူတို့ဖော်ထုတ်ရင်ရတယ်။ သူတို့လက်ထဲမှာအမှုဆိုတာဖော်ထုတ်နိုင်ရမယ်ဆိုတဲ့ မာန်ကလေးနဲ့ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ အမှုကိုမရရအောင်ဖော်ထုတ်နိုင်တယ်လို့ သူတို့ကြွေးကြော်ခဲ့ပါတယ်။ အဲ့ဒီစိတ်ဓာတ်ကြောင့် ဒီပုဂ္ဂိုလ်တွေဟာဖြောင့်ချက်မရမချင်းအညှဉ်းဆဲခံရပြီးတော့ ဖြောင့်ချက်ပေးရတယ်။ တရားသူကြီးကလည်း ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒီမှာ ခုနတုန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်တင်ပြသလို အဲ့သလို အမှုဖြစ်စဉ်ဖြစ်နေတဲ့အချိန်မှာကိုက ဒီနယ်တစ်ဝိုက်က ရိုးသားပြီးတော့မှ ဒီအရပ်သတင်းဆိုတာပျံ့နှံ့လွယ်တဲ့အတွက်ကြောင့် ဖြစ်စဉ်ဖြစ်နေတဲ့အချိန်မှာ တရားခံအစစ်တွေရှိနေပြီ။ ကိုဝင်းအောင်နှင့် အဖွဲ့ ၂ ယောက်ဟာ မတရားစွပ်စွဲခံရတယ်ဆိုတာ သိပြီးတော့မှ သိသိကြီးနဲ့တရားသူကြီးကနေပြီးတော့ သေဒဏ်ချတယ်။ ကိုဝင်းအောင်နှင့် ၂ ယောက်ဟာ ဆိုလို့ရှိရင်ဘာအပြစ်မှမရှိဘဲနဲ့ ထောင်ထဲမှာ ၇ နှစ်လောက်နေပြီးတော့ အခုလွတ်သွားပြီ။ ကိုဝင်းအောင်ကတော့သေဒဏ်ကနေပြီးတော့မှ ကျွန်တော်မလွတ်ခင်လေး ၂၀၁၀ ဇူလိုင်မှာ မလွတ်ခင်လေးမှာ သူ့ကိုသေဒဏ်ကနေပြီးတော့ ကျွန်းပြောင်းလိုက်တယ်။ ပြောင်းလိုက်တဲ့အတွက်ကြောင့်မို့လို့ သူအဆောင်ကိုရောက်သွားတယ်။ ရောက်သွားတဲ့အခါမှာ သူက ကျွန်တော့်ကိုမေတ္တာရပ်ခံတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ တရားသဖြင့်ဖြစ်အောင် လိုက်ပေးပါလို့ပြောတဲ့အခါမှာ ကျွန်တော်ဟာ အခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့အတွက်ကြောင့်မို့လို့ ဌာနဆိုင်ရာတွေ၊ ရုံးတွေကိုသွားရတာလွယ်သွားပါပြီ။ သို့သော် ထောင်ကလွတ်ပြီးတော့မှ ရွေးကောက်ပွဲမတိုင်ခင်ထိအောင်ကျွန်တော်တို့က NLD ဆိုတော့ ဌာနဆိုင်ရာတွေသွားတဲ့အခါမှာ တံခါးတွေကမပွင့်ဘူး။ အကုန်ပိတ်နေတယ်။ လိုက်မလုပ်နိုင်ဘူး။ ဒီကိစ္စမှာ ကျွန်တော်ကိုယ်တိုင် ခုနက ဦးကျော်နိုင်ဌေးတို့သူရဦးအောင်ကိုတို့တင်ပြချက်တွေအရ ဒီလိုပြောခွင့်ရတာ၊ ထောက်ခံခွင့်ရတာကိုကျေးဇူးလည်းတင်တယ်။ နောက်တစ်ခုက ဒါကြီးတစ်ခုလုံးနှင့်ပတ်သက်ပြီးတော့ Initiative ပေါ့။ လုပ်ရမယ်ဆိုပြီးတော့ပြောတဲ့ ထုတ်နုတ်ပြီးတော့တင်ပြခွင့်ပြုတဲ့ လွှတ်တော်ဥက္ကဋ္ဌကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်အထူးတင်ပြချင်တာက ခုနက ဦးကျော်နိုင်ဌေးတင်ပြတဲ့အချက်တွေက အကုန်မှန်ပါတယ်။ တချို့ဟာဆို လိုတောင်လိုနေပါသေးတယ်။ သို့သော်လည်း ကျွန်တော်အချိန်ကိုလေးစားသော အားဖြင့်မတင်ပြတော့ပါဘူး။ သို့သော် ဒီမှာတစ်ခုဖြစ်တာက ဒီကိစ္စနှင့်ပတ်သက်လို့ စီရင်ချက်ချတဲ့အခါမှာ

နယ်တစ်နယ်လုံးက အုတ်အော်သောင်းနင်းဖြစ်ပြီးတော့ တိုင်တာတွေ၊ အရေးဆိုတာတွေရှိတဲ့ အခါမှာ သက်ဆိုင်ရာရဲတပ်ဖွဲ့ကိုတော့ အရေးယူတယ်။ မြို့နယ်ရဲမှူးကိုတော့ အရေးယူတယ်။ သို့သော်လည်းပဲ ဒီအမှုကိုတော့ ပြန်ကောက်မကိုင်ဘူး။ ဒါတစ်ချက်။ နောက်တစ်ချက်က ကိုဝင်းအောင်ကို သေဒဏ်ကနေပြီးမှ ကျွန်းပြောင်းတယ်။ ဘာကိုအကြောင်းပြုသလဲဆိုတာတော့ ထောင်ပိုင်ကမပြောလို့ ကျွန်တော်မသိရပါဘူး။ သို့သော်လည်းပဲ ပြောင်းတဲ့အချိန်မှာတော့ အကျိုးအကြောင်းခိုင်လုံမှုတော့ပါ ပါလိမ့်မယ်။ ဒီမှာ ကျွန်တော် သုံးသပ်ကြည့်တဲ့အခါ ထောင်ထဲမှာကတည်းက ကျွန်တော်သုံးသပ်မိတယ်။ အချက် ၂ ချက်တွေ့ရတယ်။ (၁) အချက်က သက်ဆိုင်ရာရဲအဖွဲ့ရဲ့ဆောင်ရွက်မှု၊ (၂) အချက်က ခရိုင်တရားသူကြီးရဲ့ဆုံးဖြတ်ချက်မှားယွင်းတဲ့အခါမှာ အခု ကိုဝင်းအောင်ဟာ ထောင်ထဲမှာ ၁၀ နှစ်ကျော်ပါပြီ။ ၁၀ နှစ်ကျော်တဲ့အထိ အပြစ်မဲ့ဆိုတာရှိပြီးတော့ သူ့မိသားစုကဖရိုဖရဲနဲ့ ဒုက္ခခံနေရပါတယ်။ အဲ့တော့ ဒီကိစ္စနှင့်ပတ်သက်လို့ လွှတ်တော်မှာ ဒီလိုပြောခွင့်ရတဲ့အတွက်ကြောင့်မို့လို့ ကိုဝင်းအောင်ရဲ့အမှုဟာ တစ်ချိန်မှာ မြန်မြန်ဆန်ဆန်အမှုမှန်ပေါ်ပြီးတော့ လွတ်မယ်လို့ ယုံကြည်ရင်းနဲ့ တင်ပြချက်ကို ဒီနေရာမှာပဲအဆုံးသတ်ပါရစေခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့ ကသာခရိုင်တရားရုံးမှ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ချမှတ်ချက်နှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်မှုအခြေအနေကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ တင်ပြသွားမှာ ဖြစ်ပါတယ်။ မအေးအေးဆင့်နှင့် ဝင်းအောင်ပါ ၃ ဦးအမှုကို ကသာခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် (၁၂/၂၀၀၂) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပတ်သက်၍ စိစစ်ခဲ့ရာမှာ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ည ၁၂ နာရီအချိန်ခန့်တွင် ကသာခရိုင်၊ ကောလင်းမြို့နယ် လွယ်မောက်တောင် ဘုရားပွဲတော်မှာ မအေးအေးဆင့်သည် မောင်နှမဝမ်းကွဲတော်စပ်သူ မောင်နိုင်ဝင်းနှင့်အတူ အပေါ့သွားဖို့နှင့် သောက်ရေခပ်ဖို့အတွက်ကို ပွဲခင်းကနေထွက်လာခဲ့ရာ ပွဲခင်းအရှေ့ကိုက် ၁၀၀ ခန့် အကွာ ကောက်ရိုးပုံအနီးမှာ အမည်မသိအမျိုးသား ၃ ဦးက မောင်နိုင်ဝင်းနှင့် မအေးအေးဆင့်တို့ကို ဆွဲခေါ်သွားပြီး တစ်ဦးက မောင်နိုင်ဝင်းကို

တုတ်နှင့်ရိုက်ပြီး လဲကျသွားစဉ် မအေးအေးဆင့်ကို သားမယားပြုကျင့်ဖို့ ကြံစည်ခဲ့တာကို ၂၀၀၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ မနက် ၀၃း၁၀ နာရီအချိန်မှာ မအေးအေးဆင့်က တိုင်ကြားတဲ့အတွက် ကောလင်း ရဲစခန်းက ပ-၈၁/၂၀၀၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅/၃၇၆/၅၁၁ အရ အမှုဖွင့်ပြီး ဒုရဲအုပ် ဝင်းအောင်မှ စစ်ဆေးခဲ့ရာ အခင်းဖြစ်ရပ်ပေါ်ပေါက်ချက်အရ ပုဒ်မ ၃၀၂/၃၇၆ သို့ပြောင်းလဲ အရေးယူခဲ့ပြီး ခေတ္တစခန်းမှူး ရဲအုပ်မောင်မောင်လတ်မှ အမှုစစ်အဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှာ ခေတ္တစခန်းမှူး ရဲအုပ်မောင်မောင်လတ်သည် သင်တန်းပြန်လည် ရောက်ရှိလာသည့် စခန်းမှူး ရဲအုပ်ခင်လင်းကို အမှုလွှဲအပ်ပေးပြီး ရဲအုပ်ခင်လင်းမှ ထိုအမှုအား ဆက်လက်စစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။ အမှုမှမသင်္ကာသူ ဝင်းအောင်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ကို ဖမ်းဆီးစစ်ဆေးပြီး ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှာ အဓိကမသင်္ကာ တရားခံ ဝင်းအောင်ကို ကောလင်းမြို့နယ် တရားသူကြီး ဒေါ်လင်းလင်းရှေ့မှာ လူစီတန်းပြသခဲ့ရာမှ တရားလို မအေးအေးဆင့်မှ ဝင်းအောင်ကို သုံးကြိမ်တိုင်တိုင် ဆွဲပြနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အခင်းဖြစ်အရပ် မှာ တွေ့ရှိတဲ့ ဖိနပ်ရာနှင့် ဝဲဘက်ခြေရာများကို ဖယောင်းလောင်း ခြေပုံစံရယူပြီး တရားခံ ၃ ဦးရဲ့ ဝဲဘက်ခြေယာနှင့် တူ၊ မတူ မှုခင်းတပ်ဖွဲ့သို့ ပေးပို့စိစစ်ခဲ့ရာမှာ ဝင်းအောင်ရဲ့ဝဲဘက်ခြေပုံစံနှင့် အခင်းဖြစ်ရပ်မှာ ကျန်ရှိခဲ့တဲ့ခြေပုံစံတို့ဟာ ပုံသဏ္ဌာန်အရွယ်အစားချင်းတူကြောင်း ပြန်ကြားခဲ့တဲ့အပြင် မအေးအေးဆင့် မှာ အခင်းဖြစ်တဲ့ညမှာ ကျူးလွန်သူတွေ ဝတ်ဆင်ထားတဲ့ အဝတ်အစားများဟာ ညအချိန်ဖြစ်လို့ အနက်ရောင်သာမြင်ရကြောင်း ထွက်ဆိုချက်နှင့် သက်သေများရဲ့ ထွက်ဆိုချက်များ အရ အခင်းဖြစ်ညက ဝင်းအောင်ဟာ မီးသတ်ဝတ်စုံအင်္ကျီဝတ်ဆင်ထားကြောင်းပေါ်ပေါက်ခြင်း၊ အောင်ချမ်းဦး၊ စောဝေမိုးနှင့်အတူ ရှိနေကြောင်းနှင့် မအေးအေးဆင့်ကို လူ ၃ ဦးက ဆွဲခေါ်သွားပြီး အဓမ္မပြုကျင့်ခဲ့တာကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရှိရပါတယ်။ အထက်ပါအမှုစစ်ဆေးပေါ်ပေါက် ချက်များကို ၂၀၀၂ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ကသာခရိုင်ဥပဒေရုံးသို့ အကြံပြုချက်တောင်းခံခဲ့ရာ ၂၀၀၂ ခုနှစ်၊ မေလ ၆ ရက် နေ့မှာ ကသာခရိုင်ဥပဒေရုံးမှ တရားခံဝင်းအောင်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၁၁၄/ ၃၇၆/၃၄/၃၉၂ အရ တရားစွဲတင်ရန် အကြံပြု ခဲ့တဲ့အတွက် မေလ ၆ ရက်နေ့မှာပဲ ကသာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးအမှတ် (၁၂/၂၀၀၂) ဖြင့် လက်ခံစစ်ဆေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ကသာခရိုင်တရားရုံးမှ အမှုစစ်ဆေးနေစဉ် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့နှင့် လွယ်မောက်တောင် စေတနာ့ဝန်ထမ်း ဗုဒ္ဓဝေယျာဝစ္စသာသနာပြု အဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးစီဆိုသူနှင့် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

ရက်စွဲပါနှင့် ဝင်းအောင်၏ ဇနီးဒေါ်မကြီး၊ စောဝေမိုးတို့၏ အစ်ကိုဦးမိုးထွန်းတို့က တိုင်စာများ ပေးပို့တိုင်ကြားတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဖြစ်စဉ်အမှုမှန် ပေါ်ပေါက်စေဖို့ စိစစ်တင်ပြရာ မှုခင်းတပ်ဖွဲ့သို့ တာဝန်ပေးအပ်ခဲ့ပါတယ်။ အထက်မြန်မာနိုင်ငံမှုခင်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုရဲမှူးစံသိန်းနှင့်အဖွဲ့မှ ဖြစ်ရပ်မှန်ကို စုံစမ်းစစ်ဆေးခဲ့ရာမှာ ပြစ်မှုကျူးလွန်သူများဟာ ဆန်းဦး၊ ဘိုလင်း၊ မောင်ကြီးတို့ ၃ ဦးဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပြီး အခင်းဖြစ်စဉ်က မအေးအေးဆင့်ဆီက ဆန်းဦးလုယူခဲ့တဲ့ ရွှေရည် ၁၄ ပဲရည် အလေးချိန် ၃ ပဲ ၁ ရွေးခန့်ရှိ သံကြိုးကွင်းဆက် ရွှေဆွဲကြိုးတစ်ကုံးကို ဆန်းဦးက ရောင်းချထားတဲ့ ဒေါ်တင်ညွှန့်ဆိုသူထံမှ ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး ကောလင်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးမြင့်ဦးရှေ့မှာ ပစ္စည်းတန်းစီပြသခဲ့ရာ မအေးအေးဆင့် က ၃ ကြိမ်တိုင် မှန်ကန်စွာ ရွေးချယ်ပြသနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ တရားခံ ဆန်းဦးပါ ၃ ဦးအား အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေတဲ့အတွက် ဒုရဲမှူးစံသိန်းမှ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၈ ရက် နေ့မှာ ကသာခရိုင်တရားသူကြီးထံ ကသာခရိုင်တရားရုံးရဲ့ပြစ်မှုကြီးအမှတ် (၁၂/၂၀၀၂) နှင့် တရားစွဲဆိုခံထားရတဲ့ တရားခံတွေဟာ အစစ်အမှန်မဟုတ်ကြောင်း တရားခံအစစ်အမှန်များဟာ ဆန်းဦးပါ ၃ ဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးရမိမှုရေး ဆောင်ရွက်လျက်ရှိတာကို တင်ပြခဲ့ကြောင်း၊ ဒါ့အပြင် စုံစမ်းပေါ်ပေါက်ချက်များနှင့် ပတ်သက်လို့ ဥပဒေအကြံပြုချက်များ ပြန်ကြားပေးရန် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ရှေ့နေချုပ်ရုံးသို့ တင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မှုခင်းတပ်ဖွဲ့ရဲ့ ဥပဒေအကြံပြုချက် တောင်းခံမှုနှင့်ပတ်သက်လို့ ရှေ့နေချုပ်ရုံးမှ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် ရက်စွဲပါစာအမှတ် ၃ညမ-၁-၁/၁၂၆ နှင့် ဥပဒေအကြံပြု ပြန်ကြားရာမှာ သက်သေ ဦးညွှန့်မောင်၊ ဦးဘိုနီနှင့် ဦးအောင်စိုး တို့ရဲ့ ထွက်ဆိုချက်များအရ ဆန်းဦး ဟာ အဆိုပါပြစ်မှုကို ကျူးလွန်ကြောင်း ပြောပြခဲ့ခြင်း၊ တရားလိုရဲ့ ရွှေဆွဲကြိုးကို ဒေါ်တင်ညွှန့် ထံမှ ပြန်လည်သိမ်းဆည်းရမိခြင်းစတဲ့အချက်များ ပေါ်ပေါက်နေပေမယ့် လည်း တရားခံဆန်းဦးပါ ၃ ဦးကို ဖမ်းဆီး ရမိမှုမရှိသေးတဲ့အတွက် ၎င်းတို့၏ထွက်ဆိုချက်များနှင့် ဆက်စပ်သုံးသပ်နိုင်ခြင်း မရှိကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးရမိခြင်း၊ ထွက်ဆိုချက်ရယူခြင်းမရှိဘဲ တရားရုံးတွင် တရားစွဲဆိုခံရပြီး နှစ်ဖက် ကြားနာမှုများပြုလုပ်ကာ ပြစ်မှုထင်ရှားတွေ့ရှိလို့ ပြစ်ဒဏ်စီရင်ခံထားရတဲ့ တရားခံ ဝင်းအောင်ပါ ၃ ဦးတို့ကို တရားခံအစစ်အမှန်မဟုတ်ဟု ယူဆရန်လုံးဝဖြစ်နိုင် မည်မဟုတ်ကြောင်း။ တရားခံအစစ် အမှန်ဟု ဆိုသူတရားခံဆန်းဦးပါ ၃ ဦးကို ဖမ်းဆီးရမိတဲ့အခါမှသာ ၎င်းတို့ရဲ့ ထွက်ဆိုချက်များနှင့် ပေါင်းစပ်သုံးသပ်၍ ကျူးလွန်တဲ့ပုဒ်မများအရ တရားစွဲတင်သင့်၊ မတင်သင့်ကို ဥပဒေအကြံပြု

ပေးနိုင်မှာဖြစ်ပြီး ကသာခရိုင်တရားရုံးပြစ်မှုကြီးအမှတ် (၁၂/၂၀၀၂) နှင့် ဆက်စပ်နေတဲ့ တရားရုံးချုပ် (မန္တလေး)မှာရှိတဲ့ အယူခံမှု၊ ပြင်ဆင်မှုတွေနှင့်ပတ်သက်ပြီး မည်သို့ စီစဉ်ဆက်လက်ဆောင်ရွက်သင့်သည်ကို ဥပဒေအကြံပြုပေး နိုင်မည်ဖြစ်ကြောင်းကို ပြန်ကြားခဲ့ကြောင်းသိရှိရပါတယ်။ ဒါ့အပြင် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှာ ကသာခရိုင်တရားသူကြီး ဦးသီဟမှ အမှုကိုစစ်ဆေးရာမှာ တရားခံတို့ရဲ့ သဘောသဘာဝက ပြစ်မှုကျူးလွန်ခဲ့တဲ့အတွက် ပြစ်ဒဏ်ကျခံရမှာကိုသိလို မိမိကျူးလွန်ခဲ့တဲ့ပြစ်မှုကို ဖုံးကွယ်ကြံမြဲဖြစ်ကြောင်း မလွှဲမရှောင်မှသာ ဝန်ခံလေ့ရှိကြောင်း၊ ဆန်းဦးက ၎င်းလူသတ်မှုကျူးလွန်ခဲ့ကြောင်းကို ၎င်းရဲ့ဦးလေးအပြင် ညီဝမ်းကွဲတော်စပ်သူ ဦးညွန့်အောင်နှင့် ဦးဘိုနီတို့ကို ပြောပြခဲ့ကြောင်း တရားခံပြသက်သေများရဲ့ ထွက်ဆိုချက်ဟာ သဘာဝနှင့်ဆန့်ကျင်ပြီး လက်ခံနိုင်ဖွယ်မရှိကြောင်း ဖန်တီးထားသော သက်သေများသာ ဖြစ်တယ်လို့သုံးသပ်ကြောင်း မအေးအေးဆင့်မှ တရားခံဝင်းအောင်ကို မှတ်မိခြင်း၊ တရားခံ ဝင်းအောင်၏ ခြေပုံစံနှင့် အခင်းဖြစ်ရပ်မှာ ကျန်ခဲ့တဲ့ခြေပုံစံတူညီခြင်း၊ အခင်းဖြစ်ညကပြစ်မှု ကျူးလွန်သူတွေ ဝတ်ဆင်တဲ့အဝတ်အစားများဟာ ညအချိန်ဖြစ်လို့ အနက်ရောင်သာမြင်ရကြောင်း ထွက်ဆိုခြင်း၊ တရားခံဝင်းအောင်က အခင်းဖြစ်ညက နက်ပြာရောင်မီးသတ်ဝတ်စုံ အင်္ကျီဝတ်ဆင်ထားကြောင်း ပေါ်ပေါက်ခြင်း၊ အောင်ချမ်းဦး၊ စောဝေမိုးနှင့်အတူရှိနေပြီး လူ ၃ ဦးက မအေးအေးဆင့်ကို အဓမ္မပြုခဲ့ကြောင်း ပေါ်ပေါက်ချက်များအရ တရားခံဝင်းအောင်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ဟာ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့တဲ့အတွက် တရားခံဝင်းအောင်ကို ပုဒ်မ ၃၀၁/၁(ဂ)အရ သေဒဏ် ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၃၉၂ အရ ထောင်ဒဏ် ၁၀ နှစ် တရားခံအောင်ချမ်းဦးနှင့် စောဝေမိုးတို့ကို ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် ၁၀ နှစ်စီအမိန့်ချမှတ်ခဲ့ကြောင်း တရားခံများက စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးနှင့် တရားရုံးချုပ် (မန္တလေး)တို့ကို အယူခံမှုတက်ရောက်ခဲ့ရာမှာ တရားခံဝင်းအောင်ကို ပုဒ်မ ၃၀၂ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပုဒ်မ ၃၇၆ နှင့် ပုဒ်မ ၃၉၂ တို့အရ ထောင်ဒဏ် ၁၀ နှစ်စီ ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေဖို့ တရားရုံးချုပ် (မန္တလေး)မှ အမိန့်ပြင်ဆင်ချမှတ်ခဲ့ပြီး တရားခံအောင်ချမ်းဦးနှင့် စောဝေမိုးတို့ရဲ့အယူခံမှုကို စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးမှ ပလပ်ခဲ့ကြောင်း သိရှိရပါတယ်။ မှုခင်းတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်သူကို မသင်္ကာယူဆရတဲ့ ဆန်းဦးပါ ၃ ဦးတို့ကို ဖမ်းဆီးရမိရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့များနှင့် ပူးပေါင်းစုံစမ်းရှာဖွေခဲ့ရာမှာ ဆန်းဦးက ပြစ်မှုကျူးလွန်ထွက်ပြေးပြီးနောက် KIA အမှတ်(၂၄) တပ်ရင်းမှာတပ်သားအဆင့်နှင့် ဝင်ရောက်တာဝန်ထမ်းဆောင်နေစဉ် တရုတ်နိုင်ငံ နာဘန်းမြို့မှာနေတဲ့ ဦးစံလွတ်တူးထံမှ ငွေကျပ် ၆၀၀၀၀ နှင့်

တရုတ်ယွမ်ငွေ ၂၃၀၀ ကို ခြိမ်းခြောက်ရယူပြီး ဦးစံလွတ်တူးကို ဓားနှင့်ခုတ်ခြင်း၊ ၎င်း၏ ဇနီးဒေါ်မရမ်ကော့ကြာကို သားမယားအဖြစ် ပြုကျင့်ခဲ့တဲ့အတွက် KIA စစ်ရုံးချုပ်မှာ စစ်ခုံရုံးတင် စစ်ဆေးပြီး ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှာ သေဒဏ်ချမှတ်စီရင်ခဲ့တာကို KIA ဗဟို ဆက်ဆံရေးရုံးရဲ့ အတည်ပြုချက်အရ သိရှိရကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဘိုလင်းနှင့် မောင်ကြီးတို့ကိုလည်း ဖမ်းဆီးရမိရေးအတွက် မှုခင်းတပ်ဖွဲ့ခွဲများမှ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အမှုနှင့်ပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားခံအောင်ချမ်းဦးနှင့် စောဝေမိုးတို့ဟာ လှိုင်ကော် မြို့ဝန်ဆောင်တပ်ရင်းမှ ပြစ်ဒဏ်စေ့လို့ လွတ်မြောက်ခဲ့ပြီး ဖြစ်ကြောင်း တရားခံဝင်းအောင်ကတော့ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ရက်စွဲပါစာအမှတ် (၁/၂၀၁၂) အရ ထောင်ဒဏ်နှစ် ၂၀ သို့ လျော့ပေါ့ခံစားခွင့်ရရှိပြီး ကသာအကျဉ်းထောင်မှာ ပြစ်ဒဏ်ကျခံလျက် ရှိကြောင်း သိရှိရပါတယ်။ မှုခင်းများဖြစ်ပွားပါက ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရဲလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခေတ်မီပစ္စည်းကိရိယာများလည်း လိုအပ်တာဖြစ်တဲ့အတွက် ဖြည့်ဆည်းရေးလည်း ဆောင်ရွက်လျက်ရှိ ပါတယ်။ သက်သေများရဲ့ ထွက်ဆိုချက်များဟာလည်း အရေးကြီးတဲ့အတွက် မှန်မှန်ကန်ကန် ထွက်ဆိုပေးရန်လည်း လိုအပ်ပါတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာ အလွန် အရေးပါကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။ မှုခင်းနှင့်ပတ်သက်၍ ရဲလုပ်ထုံးလုပ်နည်းများနှင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ တပ်ဖွဲ့ဝင်များကိုလည်း ဥပဒေ စည်းမျဉ်းစည်းကမ်း များနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယခုဖြစ်စဉ်မှာ ကောလင်းရဲစခန်းမှူး ရဲအုပ်ခင်လင်းဟာ အမှုကိုစစ်ဆေးရာမှာ တရားခံဝင်းအောင်မှ ဝန်ခံထွက်ဆို ချက်ပေးခြင်း၊ တရားလို မအေးအေးဆင့်က တရားခံဝင်းအောင်ကို လူစီတန်းပြသရာမှာ မှန်ကန်စွာ ၃ ကြိမ် ဆွဲထုတ်ပြသ နိုင်ခြင်း၊ အခင်းဖြစ်ရပ်မှာ ကျန်ခဲ့တဲ့ဖိနပ်အရာနှင့် ဝဲဘက်ခြေရာများက တရားခံဝင်းအောင်ရဲ့ ဝဲဘက်ခြေရာပုံစံနှင့် အရွယ်အစားတူညီနေခြင်းစတဲ့ စစ်ဆေးပေါ်ပေါက်ချက်အရ ဥပဒေအကြံပြုချက် များ တောင်းခံပြီး တရားစွဲဆိုတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကသာခရိုင် တရားရုံး ခရိုင်တရားသူကြီး ဦးသီဟမှအမှုကို သုံးသပ်ရာမှာ တရားခံတို့ရဲ့ သဘောသဘာဝအရ မိမိကျူးလွန်တဲ့ပြစ်မှုအတွက် ပြစ်ဒဏ်ကျခံရမည့်ကိုသိလို့ ပြစ်မှုကိုဖုံးကွယ်ကြမဲ့ဖြစ်ကြောင်း မှုခင်းတပ်ဖွဲ့က အမှုမှကျူးလွန်တဲ့ တရားခံမှာ ဆန်းဦးပါ ၃ ဦးဖြစ်ကြောင်း တင်ပြခဲ့ရာမှာ ဆန်းဦးက ၎င်း လူသတ်မှုကျူးလွန်ခဲ့ကြောင်းကို ၎င်းရဲ့ဦးလေးအပြင် ညီဝမ်းကွဲတော်စပ်သူ ဦးညွန့်အောင်နှင့်

ဦးဘိုနီတို့ကို ပြောဆိုခဲ့ကြောင်း တရားခံပြသက်သေများရဲ့ ထွက်ဆိုချက်များဟာ သဘာဝနှင့် ဆန့်ကျင်ပြီး လက်ခံနိုင်ဖွယ်မရှိတဲ့ ဖန်တီးထားတဲ့ သက်သေများဖြစ်ကြောင်း သုံးသပ်ရခဲ့သည်။ တရားလိုနှင့် သက်သေများရဲ့ ထွက်ဆိုချက်၊ စာရွက်စာတမ်း၊ အထောက်အထားများနှင့် စစ်ဆေး ပေါ်ပေါက်ချက်တွေအရ တရားခံဝင်းအောင်၊ အောင်ချမ်းဦးနှင့် စောဝေမိုးတို့ ၃ ဦးအပေါ် ပြစ်ဒဏ် များ အသီးသီးချမှတ်ခဲ့ပြီး တိုင်းတရားရုံးနှင့် တရားရုံးချုပ်(မန္တလေး)တို့မှလည်း ပြစ်ဒဏ်များကို အတည်ပြုခဲ့ခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ်မှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း တင်ပြတဲ့အမှုဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်က အမှုဖြစ်ပြီးတော့ ဒီသက်သေထွက်ချက်များ အပြည့်အစုံပါဝင်တဲ့ အမှုတွဲဟာလည်း တရားရုံးမှာသာရှိတဲ့အတွက်ကြောင့် တရားရုံးကသာ အမှုတွဲပေါ်ပေါက်ချက် အပြည့်အစုံကို သိရှိနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ ရဲစစ်ကူအမှုတွဲဟာလည်း ရဲတပ်ဖွဲ့မှာပဲရှိတာ ဖြစ်ပါတယ်။ တရားရုံးစီရင်ချက်အပေါ်မှာ လေ့လာ တွေ့ရှိချက်များအရ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့က ကန့်ဘလူမှာ ကန့်ဘလူမြို့နယ် ပုဏ္ဏားကျွန်း ကျေးရွာမှာ မအေးအေးဆင့်ဟာ ကောလင်းမြို့နယ် လွယ်မောက်တောင်ဘုရားပွဲမှာ ပွဲကြည့်နေရာကနေပြီး တော့ မနက် ၁ နာရီခန့်အချိန်မှာ အစ်ကိုဝမ်းကွဲဖြစ်တဲ့ နိုင်ဝင်းနဲ့အတူ ဘုရားပွဲခင်းအရှေ့ဘက်ကို ထွက်ပြီးတော့ အပေါ့စွန့်ပြီးတော့ ရေခပ်ရန်သွားဖို့လုပ်စဉ်မှာ လူ ၃ ဦးကနေပြီးတော့ သူတို့ကို ခေါ်သွားတဲ့အကြောင်း မအေးအေးဆင့်ဟာ ၂ ဦးက ဆွဲခေါ်စဉ်မှာ ၁ ဦးက နိုင်ဝင်းကို တုတ်နဲ့ရိုက် ကြောင်း အဲဒီနောက်မှာတော့ လူ ၃ ဦးက မအေးအေးဆင့်ကို Rape လုပ်တဲ့အပြင် နိုင်ဝင်းကလည်း ဒဏ်ရာရရှိသေဆုံးခဲ့တဲ့ အမှုဖြစ်ပါတယ်။ ဒီအမှုမှာ ကောလင်းရဲစခန်းမှူးကနေပြီးတော့ တရားခံ များယွင်းတရားစွဲဆိုခဲ့ကြောင်း CID က ဒုတိယရဲမှူးက တာဝန်အရ စစ်ဆေးပြီးတော့ တရားခံအစစ် အမှန်ဖြစ်တဲ့ ဆန်းဦးပါ ၃ ဦးကို ဖမ်းဆီးဖို့ကြိုးပမ်းကြောင်း တရားရုံးကို တင်ပြထားပါလျက် တရားသူကြီးက ထိုရဲမှူးကို ဆင့်ခေါ်စစ်ဆေးခြင်းမပြုဘဲနဲ့ မူလဆွဲတင်ထားတဲ့ တရားခံဝင်းအောင် အပေါ် ပြစ်ဒဏ်ချမှတ်ခဲ့တယ်လို့ တင်ပြထားပါတယ်။ ဒီအမှုဟာ ကသာခရိုင်တရားရုံးက ချမှတ်တဲ့

အမိန့်မှာ သေဒဏ်ပါရှိတဲ့အတွက်ကြောင့် တရားရုံးချုပ်အဆင့်အထိ သေဒဏ်လည်း အတည်ပြုမှုကြားနာပြီး ဖြစ်ပါတယ်။ စီရင်ချက်ပါဖော်ပြထားချက်တွေအရတော့ တရားခံဟာ ပြစ်မှုကျူးလွန်ကြောင်းကို နစ်နာတဲ့သူ မအေးအေးဆင့်ကိုယ်တိုင်က ဖော်ထုတ်စွပ်စွဲခြင်း၊ ပြစ်မှုကျူးလွန်သူကို တရားလိုက မှတ်မိတဲ့အတွက် လူစီတန်းပြသရာမှာလည်း Identify လုပ်နိုင်ခြင်း၊ တရားခံကို မှန်ကန်ကြောင်း ပြနိုင်ခြင်း၊ ရဲကရယူခဲ့တဲ့ Foot Print တွေမှာလည်း တရားခံဝင်းအောင်ရဲ့ ဝဲဘက်ခြေပုံစံနဲ့ ပုံသဏ္ဍာန်တူကြောင်း CID ရဲ့ပြန်ကြားချက်များရရှိခဲ့ခြင်း၊ ရုံးချိန်းထွက်ချက်တွေအရ ဒီအခင်းမဖြစ်မီညက တရားခံဝင်းအောင်ကနေပြီးတော့ မနက်ဖြန်ညမှာ ဂွင်ဖန်ပြမယ်လို့ ပြောခဲ့တဲ့အကြောင်း ဒါလည်း Previous Contant အဖြစ် စဉ်းစားနိုင်တဲ့အချက်များ ပေါ်ပေါက်ခဲ့ကြောင်း အချုပ်ပြောရလို့ရှိရင်တော့ တရားခံပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်တွေ ပေါ်ပေါက်ခဲ့တဲ့အတွက် တရားရုံးစီရင်ချက်ဟာ မှန်ကန်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ နောက် CID ရဲ့ တရားခံမှားကြောင်း ဖော်ထုတ်ချက်ဟာ အမှန်ဖြစ်တယ်လို့ ဆိုပေမယ့်လည်း ဒီ CID အမှုစစ်ရဲ့ အမှုနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ချက် တရားခံပြေးအမှုစွဲတင်တာတို့၊ ဥပဒေအကြံတောင်းတာတို့ ဆောင်ရွက်ခဲ့တာတွေ မရှိခဲ့ပါဘူး။ နောက် ကျွန်တော်တို့ တရားခံဘက်တင်ပြချက်တွေကို စိစစ်ကြည့်မယ်ဆိုရင် တရားခံဝင်းအောင်နဲ့ ကျန်တရားခံတွေဟာ အခင်းဖြစ်ညက ပွဲခင်းမှာ တွေ့ဆုံတယ်ဆိုတဲ့အချက်ပေါ်မှာ အငြင်းမပွားတာကို တွေ့ရပါတယ်။ ဝင်းအောင်နှင့် အောင်ဆန်းဦးတို့က အဲဒီည ၂ နာရီမှာ အိမ်ပြန်အိပ်ခဲ့ကြောင်း၊ စောဝေမိုးက ဦးလေးရဲ့အကြော်ဆိုင်မှာ ညအိပ်ခဲ့ကြောင်း ထုချေချက်ဟာ ယေဘုယျထုချေချက်ဖြစ်ကြောင်း တွေ့ရပါတယ်။ ဝင်းအောင်ကို လူစီတန်းမပြမီက အချုပ်ခန်း TV ကင်မရာ ရှေ့မှာ ရပ်ပြစေခဲ့ကြောင်း ထုချေချက်ဟာလည်း ဒါပြန်ခေါ်စစ်မေးတဲ့အချိန်ကျမှ မေးမြန်းပေါ်ပေါက်တာဖြစ်တဲ့ အတွက်ကြောင့် နောက်မှကြားရတဲ့ ထုချေချက်လို့ သုံးသပ်ရမယ့်အခြေအနေဖြစ်ပါတယ်။ တရားခံပြသက်သေ၊ သက်သေအမှတ် ၈ ရဲ့ ဦးညွန့်အောင်ရဲ့ထွက်ဆိုချက်မှာ အခင်းဖြစ်ည ၁၂ နာရီခန့်မှာ ဆန်းဦးနှင့် ဘိုနီတို့ကို ပွဲခင်းမှာရှိတဲ့ ဂျင်ဝိုင်းမှာ ဂျင်ထိုးနေတာမြင်တဲ့အကြောင်း၊ အဲဒီတုန်းက ဆန်းဦးက ကျွန်တော် လက်လွန်ခဲ့ပြီလို့ ပြောကြားခဲ့ကြောင်း အဲဒီနောက် ဆန်းဦးနှင့် ဘိုနီ၊ ဘိုလင်း နှင့် မောင်ကြီးတို့ကို ဈေးတန်းအကြော်ဆိုင်မှာ တွေ့ရကြောင်း ထွက်ဆိုထားတဲ့အတွက် တရားလိုရဲ့ ထွက်ချက်ပါ ဒီအခင်းဖြစ်ချိန် ည ၁ နာရီခွဲနှင့်လည်း အချိန်တွေက ကွဲလွဲနေတာကို စိစစ်တွေ့ရပါကြောင်း ဒါ့အပြင် ပြစ်မှုကျူးလွန်တဲ့သူတစ်ဦးအနေနဲ့ ဒီလို ဂျင်ထိုးလိုက်၊ အကြော်ဆိုင်ထိုင်လိုက်နဲ့ သာမန်ပွဲလာသူတွေလို အေးဆေးစွာနေထိုင်ပြမှုနိုင်မယ် မဟုတ်ဘူးလို့လည်း သုံးသပ်ရရှိပါကြောင်း။

ဒါ့အပြင်မှာ တရားခံသက်သေ မခင်ခင်ဝင်းသည် အစ်မအရင်းတစ်ဦးအနေနဲ့ ဆန်းဦးက ဆွဲကြိုးလာပေါင်ပြီးတော့ တစ်လအတွင်းမှာ ပြန်ရွေးသွားတယ်ဆိုတဲ့အချက်ဟာလည်း မောင်အရင်း အပေါ်မှာ အစ်မတစ်ဦးရဲ့ ထွက်ချက်အနေနဲ့ သာဘာဝနဲ့ဆန့်ကျင်နေတယ်လို့ပဲ တရားရုံးအနေနဲ့ယူဆ ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအမှုမှာ တရားလိုဘက်တင်ပြချက်တွေအပေါ် တရားခံဘက်က ကောင်းစွာချေဖျက်နိုင်ခြင်းမရှိခဲ့ဘဲနဲ့ အခင်းဖြစ်အမှုကို တရားခံတွေက ကျူးလွန်ကြောင်း ပေါ်လွင်တဲ့ အတွက်ကြောင့် ကသာခရိုင်တရားရုံးကနေပြီး တရားခံ ၃ ဦးကို ပြစ်မှုစီရင်ခဲ့ခြင်းဟာ ဥပဒေအရ မှားယွင်းတယ်လို့ မဆိုနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။ ဥပဒေကြောင်းအရ အဲဒီတုန်းက တကယ်လို့ CID ကနေပြီး တရားစွဲတင်မယ်ဆိုရင်တောင်မှပဲ ယခင်စွဲတင်ထားတဲ့အမှုကို ဥပဒေသဘောအရ ပယ်ဖျက်ရုပ်သိမ်းလို့မရပါဘူး။ နှစ်မှုစလုံးကို Parallel ယှဉ်ပြီးတော့၊ စစ်ဆေးပြီးတော့ ဒီအယူခံအဆင့် မှာပဲဖြစ်ဖြစ်၊ မူလအဆင့်မှာပဲဖြစ်ဖြစ် မီရာအဆင့်မှာပေါ်ပေါက်ချက်အရ စီရင်သွားဖို့ပဲ ရှိမှာဖြစ်ပါ တယ်။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့တော့ ဒီအမှုတည်ဆောက်ခဲ့မှုအပေါ်မှာ Tri Trial Opinion နဲ့ The During the Trial မှာ နိုင်ငံတော်ကိုယ်စားလိုက်ပါ ဆောင်ရွက်ခဲ့ရာမှာ စီရင်ချက်အနေနဲ့ကြည့်မယ်ဆိုရင်တော့ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းလောက်တဲ့အခြေ အနေမရှိဘူးလို့ပဲ ကျွန်တော်တို့အနေနဲ့သုံးသပ်ပါတယ်။ အခုကိစ္စကတော့ နောက်မှာစိစစ်စုံစမ်း တွေ့ရှိ ချက်ရှိတယ်လို့ ဖော်ပြချက်ဖြစ်ပြီးတော့ တရားစွဲတင်နိုင်တဲ့ အခြေအနေလည်း မဖြစ်ခဲ့တဲ့အတွက် ကြောင့်မို့လို့ ယခင်အမှုပေါ်မှာ ဆုံးဖြတ်ခဲ့တဲ့အပေါ်မှာ မှားတယ်လို့ဆုံးဖြတ်ဖို့ကတော့ သင့်၊ မသင့် စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကန့်ပက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကျွန်တော် ဦးမြင့်အောင်က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း တင်ပြတဲ့အမှုဟာ ကသာခရိုင်တရားရုံးရဲ့ ၂၀၀၂ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၂ အမှုပဲဖြစ်ပါတယ်။ ပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားခံဝင်းအောင်တို့ ၃ ဦးဟာ တရားခံအစစ်အမှန်

မဟုတ်ဘဲ အပြစ်ပေးခံရတာဖြစ်တယ်လို့ တင်ပြထားတာကို တွေ့ရပါတယ်။ အမှုအဖြစ်အပျက်နဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယ ရှေ့နေချုပ်တို့က တင်ပြခဲ့ပြီးဖြစ်တဲ့အတွက် အသေးစိတ်ကျွန်တော် မတင်ပြတော့ပါဘူး။ အမှုတွဲမှာ ပေါ်ပေါက်တဲ့ သက်သေခံချက်တွေကတော့ တရားလိုမိန်းကလေးကို အဓမ္မပြုကျင့်သူဟာ အသက်ကြီးကြီး လျှာထိုးဦးထုပ်ဆောင်းထားသူဖြစ်ပြီး၊ သူနဲ့အတူပါတဲ့ သူ့အစ်ကိုကို တုတ်နှင့်ရိုက်ပြီး ကျန်တဲ့နှစ်ဦးက သူ့ကိုဆွဲခေါ်တယ်၊ အသက်ကြီးကြီးလူက လိုက်လာပြီး အဓမ္မပြုကျင့်တယ်။ ကျန်နှစ်ဦးကလည်း အဓမ္မပြုကျင့်တယ်။ အသက်ကြီးကြီးလူ အဓမ္မပြုကျင့်စဉ်တုန်းက သူ့ဆီက ထွက်ကျလာတဲ့ဓားကို ကောက်ယူထားပါတယ်လို့ မိန်းကလေးက အမှုတိုင်တန်းစဉ်က ဓားကိုပေးအပ် ပြီး လူမြင်ရင်ကောင်းစွာ မှတ်မိပါတယ်လို့လည်း တိုင်တန်းခဲ့တဲ့အကြောင်း ပေါ်ပေါက်ပါတယ်။ တရားသူကြီးရှေ့မှာ လူအများနှင့်ရောနှောပြီး တရားခံကိုဝင်းအောင်ကို ပြသတဲ့အခါမှာ မှန်မှန်ကန်ကန် ရွေးထုတ်ပြသနိုင်ပြီး ကျန်တဲ့နှစ်ယောက်ဟာလည်း ပြစ်မှုကျူးလွန်ရာမှာပါတယ်လို့ ညွှန်ပြထွက်ဆိုနိုင်ခဲ့တာ အမှုတွဲမှာပေါ်ပေါက်ပါတယ်။ ဝင်းအောင်ဟာ မီးသတ်ဝတ်စုံဝတ်ထားပြီး ဦးထုပ်ဆောင်း ထားတဲ့အကြောင်း၊ အခင်းဖြစ်ညက ပူးတွဲတရားခံ ၂ ဦးနဲ့အတူ ပွဲခင်းမှာရှိနေခဲ့တဲ့ အကြောင်း၊ အခင်းဖြစ်တဲ့ည မတိုင်ခင်က ဒီညတော့ ခွင်ဖန်ပြမယ်လို့ ကိုဝင်းအောင်က ပြောခဲ့တယ် ဆိုတဲ့ အချက်သက်သေခံချက်ပေါ်ပေါက်တဲ့အပြင် ဝင်းအောင်ဟာ အလားတူ အမှုအကျင့်မျိုး ပြုလုပ်လေ့ရှိတယ်လို့လည်း သက်သေခံချက်တွေရှိပါတယ်။ ဒါ့အပြင် ဝင်းအောင်ရဲ့အသက်ဟာ ၅၂ နှစ်ဖြစ်ပြီးတော့ ပူးတွဲတရားခံ နှစ်ဦးရဲ့အသက်က ၁၇ နှစ်နှင့် ၂၅ နှစ်ဖြစ်လို့ အစ်ကိုဝမ်းကွဲကို ရိုက်နှက်ပြီးသူ့ကို ပထမအဓမ္မပြုကျင့်တဲ့သူဟာ အသက်ကြီးကြီးလူ ဖြစ်ကြောင်း တရားလိုမိန်းကလေး ရဲ့ တိုင်ချက်နဲ့လည်း ကိုက်ညီနေတာတွေ့ရပါတယ်။ မိန်းကလေးဟာ အခင်းဖြစ်ပြီးပြီးချင်း တိုင်တန်းတာဖြစ်ပြီးတော့ သူအဓမ္မပြုကျင့်ခံရတဲ့အကြောင်း ဆေးဘက်ဆိုင်ရာစစ်ဆေးချက်၊ အခင်းဖြစ် နေရာမှာ ကျန်ခဲ့တဲ့ခြေရာပုံစံနဲ့ ကိုဝင်းအောင်ရဲ့ ဝဲဘက်ခြေရာပုံစံတူညီကြောင်း မှုခင်းတပ်ဖွဲ့က စစ်ဆေးတင်ပြချက်၊ အဓမ္မပြုစဉ် တရားခံဆီကထွက်ကျလို့ တရားလိုမိန်းကလေးက သိမ်းဆည်းပြီး တိုင်တန်းစဉ်တုန်းက တစ်ပါတည်း ပေးအပ်ခဲ့တဲ့ဓားမှာ လူသွေးစမ်းသပ်တွေ့ရှိရတယ်လို့ ဓာတုဗေဒဝန်ရဲ့ စစ်ဆေးတင်ပြချက်၊ တရားလိုရဲ့အစ်ကို ဝမ်းကွဲဖြစ်တဲ့ သေသူမှာတုံးတဲ့လက်နက်နဲ့ ပြုလုပ်လို့ ရရှိတဲ့ဒဏ်ရာ၊ ဓားနဲ့ထိုးလို့ရရှိတဲ့ဒဏ်ရာတွေ ရရှိခဲ့ပြီးတော့ သေဆုံးခဲ့ရတယ်ဆိုတဲ့အချက် တွေ အမှုတွဲမှာ ပေါ်ပေါက်ပါတယ်။

ခရိုင်တရားရုံးမှာ အမှုကိုစစ်ဆေးနေတဲ့အချိန်မှာပဲ တိုင်ကြားချက်တွေအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အမှုနဲ့ပတ်သက်ပြီး ထပ်မံစုံစမ်းစစ်ဆေးပြီးတော့ တရားခံအစစ်အမှန်ဟာ ဆန်းဦး၊ ဘိုလင်းနဲ့ မောင်ကြီးတို့ဖြစ်တဲ့အကြောင်း၊ စွပ်စွဲခံရတဲ့ တရားခံ ဝင်းအောင်တို့ ၃ ဦးမဟုတ်တဲ့အကြောင်း အစီရင်ခံခဲ့တယ်လို့ သိရှိရပါတယ်။ ဒါပေမယ့် တရားခံအစစ်ပါလို့ တင်ပြတဲ့တရားခံတွေရဲ့အသက်ဟာ ၂၈ နှစ်၊ ၂၃ နှစ်နဲ့ ၁၉ နှစ် အရွယ်တွေဖြစ်တဲ့အတွက် မိန်းကလေးရဲ့တိုင်တန်းချက်နဲ့ မကိုက်ညီတဲ့အကြောင်း တွေ့ရှိရပါတယ်။ တရားလိုမိန်းကလေး လုယက်ခံရတယ်ဆိုတဲ့ဆွဲကြိုးကို ကျူးလွန်ပါတယ်ဆိုတဲ့ ဆန်းဦးရောင်းချလို့ ဝယ်ယူခဲ့သူက ရဲအရာရှိထံမှာမူရင်းအတိုင်းအပ်ခဲ့တယ်လို့ တင်ပြသော်လည်းပဲ အမှုကိုဆန်းဦးတို့ ဘယ်လိုကျူးလွန်ခဲ့ကြတယ်ဆိုတဲ့ကွင်းဆက်မပြတ်တဲ့ သက်သေခံချက်တွေကို ရဲတပ်ဖွဲ့က တင်ပြခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ အမှုကိုဆန်းဦးတို့ ၃ ဦး အမှန်တကယ် ကျူးလွန်ခဲ့တယ်ဆိုရင် အဲဒီအချိန်က ခရိုင်တရားရုံးမှာ ကိုဝင်းအောင်တို့ ၃ ဦးကို စီရင်ချက်မချမှတ်ရသေးဘဲ အမှုစစ်ဆေးဆဲအခြေအနေဖြစ်တဲ့အတွက် သူတို့နဲ့အတူဘယ်သူတရားခံ အမှန်ဖြစ်ကြောင်း တရားရုံးက ဆုံးဖြတ်နိုင်ဖို့ ဆန်းဦးတို့ ၃ ဦးကို ထပ်မံဖမ်းဆီးပြီးဝင်းအောင်တို့နဲ့အတူ ပူးတွဲစစ်ဆေးဖို့ တရားစွဲဆိုခြင်း ဒါမှမဟုတ် ဝင်းအောင်တို့ ၃ ဦးအပေါ်အမှုရုပ်သိမ်းခွင့်ပြုဖို့ လျှောက်ထားပြီး အမှန်ကျူးလွန်တယ်ဆိုတဲ့ တရားခံ ၃ ဦးကိုသာ တရားခံအဖြစ်အမှုအသစ်နဲ့တရားစွဲတင်ပို့ခြင်း၊ အမှန်ကျူးလွန်တယ်ဆိုတဲ့ တရားခံဖမ်းဆီးရမိခြင်း မရှိရင်လည်းတရားခံပြေးမှုအဖြစ် တရားစွဲတင်ပို့ခြင်းပြုဖို့ သင့်ပါတယ်။ သို့သော်လည်းပဲ တရားစွဲအဖွဲ့အစည်းကအဲဒီလိုဆောင်ရွက်ခဲ့တာ မရှိတဲ့အကြောင်း တွေ့ရှိရပါတယ်။ တရားစွဲအဖွဲ့အစည်းက ဒီလိုမလုပ်ဆောင်ခဲ့တဲ့အတွက် ခရိုင်တရားရုံးက မိမိရုံးမှာ စွဲတင်ထားတဲ့အမှုကို ရှိတဲ့သက်သေခံချက်တွေကို ဥပဒေအတိုင်း ဆက်လက်စစ်ဆေးစီရင်ခဲ့တာ ဖြစ်တယ်လို့ တွေ့ရပါတယ်။

ဆန်းဦးက သူတို့ ၃ ဦးလူသတ်ခဲ့တယ်၊ လက်လွှန်ခဲ့တယ်လို့ ပြောတဲ့အကြောင်းကိုထပ်မံစုံစမ်းသူ အရာရှိထံပြောခဲ့တယ်ဆိုတဲ့ ဘိုနီ၊ မောင်စိုးနဲ့ ဦးညွန့်အောင်တို့ကို တရားခံ ဝင်းအောင်တို့က သက်သေအဖြစ် တင်ပြခဲ့တဲ့အတွက် တရားရုံးကသူတို့ကို တရားခံပြသက်သေအဖြစ် စစ်ဆေးတဲ့အခါမှာလည်း အရင်က အဲဒီကိစ္စကို အမှုစတင်စုံစမ်းခဲ့တဲ့ရဲတပ်ဖွဲ့ထံ မပြောခဲ့တာကတော့အရက်ဝိုင်းမှာပြောတဲ့စကားဖြစ်လို့ တကယ်ဟုတ်၊ မဟုတ် တကယ်မသိလို့ မပြောခဲ့တာပါလို့ ထွက်ဆိုခဲ့ကြပါတယ်။ သူတို့ဟာ ဟိုးလေးတကြော် ဖြစ်တဲ့အမှုမှာ သူတို့သိတဲ့အကြောင်းအရာကို ရဲတပ်ဖွဲ့ကအမှုစတင်စုံစမ်းတုန်းက မပြောဆိုခဲ့ဘဲ အမှုဖြစ်ပြီး ၁ နှစ်လောက်ကြာမှ ပြောဆိုခဲ့ကြတာ ဖြစ်ပါတယ်။

သူတို့ပြောဆိုတယ်ဆိုတာဟာလည်း လူသတ်မှုအကြောင်းသာပါပြီး တရားလိုကို အခမ့်ပြုကျင့်တဲ့ကိစ္စ မပါဝင်တဲ့အတွက် သူတို့ရဲ့ထွက်ဆိုချက်ဟာ ရေရေရာရာမရှိဘူးဆိုတာ တွေ့ရပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ထွက်ဆိုချက်ကို လက်မခံဘဲရုံးရှေ့မှာ စစ်ဆေးပေါ်ပေါက်တဲ့ သက်သေခံချက်တွေအရ တရားစွဲတင်ထားတဲ့ တရားခံ ၃ ဦးကို ခရိုင်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူအစစ်အမှန်ဟာ ထွက်ပြေးနေတဲ့ အခြား ၃ ဦး ဖြစ်တယ်လို့ ထပ်မံစုံစမ်းခဲ့တဲ့ မှုခင်းတပ်ဖွဲ့မှ ဒုရဲမှူးကို ခရိုင်တရားရုံးကမစစ်ခဲ့ဘူးလို့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့ တင်ပြချက်နဲ့ပတ်သက်လို့ အဲဒီရဲအရာရှိကို တရားခံဝင်းအောင်တို့က တရားခံပြသက်သေအဖြစ် စာရင်းတင်ပြထားပါတယ်။ ရုံးကစစ်ဆေးဖို့ရှိသော်လည်း တရားခံရဲ့ရှေ့နေက မစစ်ဆေးလိုတော့ ပါဘူးလို့ သက်သေအဖြစ်ကနေ ပယ်ခဲ့တဲ့အတွက် ရုံးကခွင့်ပြုပြီး မစစ်ဆေးခဲ့တာဖြစ်တယ်လို့ အမှုတွဲ မှတ်တမ်းတွေအရ တွေ့ရှိရကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တရားလိုမိန်းကလေး လုယက်ခံ ရတယ်ဆိုတဲ့ ဆွဲကြိုးကို ဆန်းဦးရောင်းထားတယ်ဆိုတဲ့သူဆီက သိမ်းဆည်းရရှိရုံနဲ့ ဒီအမှုကို ဆန်းဦးတို့ ၃ ဦးကျူးလွန်ကြောင်းကောက်ယူဖို့လုံလောက်မှာ မဟုတ်ဘူးဆိုတာ မြင်သာပါတယ်။ ဒီအမှုကို ဆန်းဦးတို့ ၃ ဦးကျူးလွန် ကြောင်းလက်ရှိပြစ်ဒဏ်ကျခံရတဲ့ တရားခံတွေ ကျူးလွန်တာမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားစေဖို့ ပိုမိုပြည့်စုံတဲ့ အထောက်အထားတွေနဲ့ ခိုင်ခိုင်လုံလုံ တင်ပြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ခရိုင်တရားရုံးက ဝင်းအောင်တို့ ၃ ဦးကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှာ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ တရားခံများဟာ အယူခံမှု၊ ပြင်ဆင်မှုများ တင်သွင်းခဲ့ကြပြီး တရားရုံးချုပ်က သူတို့ရဲ့ အယူခံမှု၊ ပြင်ဆင်မှုနဲ့ သေဒဏ်အတည်ပြု သင့်၊ မပြုသင့်စိစစ်ဖို့ ဖွင့်လှစ်တဲ့ သေဒဏ်အတည်ပြုမှုတွေကို တရားရုံးချုပ် တရားသူကြီး ၂ ဦးပါဝင်တဲ့အဖွဲ့က ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ နှစ်ဖက်ကြားနာခဲ့ပါတယ်။ အမှုတွေကို စီရင်ချက် ချမှတ်ဖို့ သီးသန့်ထားစဉ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကိုဝင်းအောင်ပါ ၃ ဦးဟာ တရားခံ အစစ်အမှန်မဟုတ်ပဲ ဆန်းဦးပါ ၃ ဦးသာ အစစ်အမှန် ဖြစ်လို့ အယူခံမှု၊ ပြင်ဆင်မှုတွေကို ပြန်လည်စိစစ်ပေးဖို့ တရားရုံးချုပ်ကို အကြောင်းကြား တင်ပြခဲ့ ပါတယ်။ ခရိုင်ရုံးက ချမှတ်ပြီးဖြစ်တဲ့အမိန့်ဟာ အမှုမှာပေါ်ပေါက်တဲ့ သက်သေခံချက်တွေအရ ချမှတ်ထားတာဖြစ်တဲ့ အတွက် အဲဒီ ပေါ်ပေါက်ချက်တွေဟာ မမှန်ကန်ဘဲ ရဲတပ်ဖွဲ့က အစစ်အမှန်ပါလို့ တင်ပြထားတဲ့သူတွေက ကျူးလွန်ခြင်းသာဖြစ်တဲ့အကြောင်း အထောက်အထားတွေကို တင်ပြဖို့ အစစ်အမှန်ပါဆိုတဲ့ တရားခံတွေအပေါ် တရားစွဲတင်ပို့နိုင်ဖို့အတွက် တရားခံများလျှောက်ထားတဲ့

၂၀၀၃ ခုနှစ်၊ အယူခံမှုအမှတ် ၂၆၀၊ ပြင်ဆင်မှုအမှတ် ၅၀၀(ခ)နဲ့ သေဒဏ်အတည်ပြုမှုအမှတ် ၁၃ တို့ကို တရားရုံးချုပ်က အမိန့်မချမှတ်သေးပဲ ဆိုင်းငံ့ပေးထားခဲ့ပါတယ်။

အဲဒီလို အယူခံမှုနဲ့ပြင်ဆင်မှုကို တရားရုံးချုပ်က ၄ နှစ်ကျော် ၅ နှစ်ခန့် အမိန့်မချဘဲ ဆိုင်းငံ့ပေးထားသော်လည်း တရားစွဲအဖွဲ့အစည်းက အစစ်အမှန်ဆိုတဲ့ တရားခံတွေနဲ့ပတ်သက်ပြီး အထောက်အထားတစ်စုံတရာ တင်ပြနိုင်ခြင်းမရှိတဲ့အပြင် အမှုများဟာ အလွန်အမင်း ကြန့်ကြာနေပြီ ဖြစ်တဲ့အတွက် အယူခံမှု၊ ပြင်ဆင်မှုနဲ့ သေဒဏ်အတည်ပြုမှုတို့ကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ တရားရုံးချုပ်က အမိန့်ချမှတ်ခဲ့ပါတယ်။ တရားရုံးချုပ်က အမှုတွဲမှာပေါ်ပေါက်တဲ့ သက်သေခံအထောက်အထားတွေကို အသေအချာ သုံးသပ်ပြီး တရားခံဝင်းအောင်ဟာ ထောင်ဒဏ် ၇ နှစ်အထက် အပြစ်ပေးထိုက်တဲ့ ပြစ်မှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်တယ်လို့ ကောက်ယူပြီး သူ့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)၊ (ဂ)အရ သေဒဏ်ချမှတ်ခဲ့ခြင်းဟာ အမှုမှာပေါ်ပေါက်တဲ့ သက်သေခံချက်တွေနဲ့ မကိုက်ညီကြောင်း တွေ့ရှိရတဲ့အတွက် ခရိုင်တရားရုံးက ချမှတ်ထားတဲ့ ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး ပုဒ်မ ၃၀၂ (၂)အရ တစ်သက်တစ်ကျွန်းကျခံဖို့ ပြင်ဆင်ပေးခဲ့ပါတယ်။ ပုဒ်မ ၃၇၆၊ ၃၉၂ တို့အရ ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့တဲ့ပြစ်ဒဏ်တို့ကို အတည်ပြုခဲ့ပါတယ်။ ပူးတွဲတရားခံ ၂ ဦးအပေါ် ပုဒ်မ ၃၇၆ အရ ထောင်ဒဏ် ၁၀ နှစ်ချမှတ်တဲ့ ခရိုင်တရားရုံးရဲ့ အမိန့်ကို ဆက်လက် အတည်ပြုခဲ့ပါတယ်။

မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်က ထောင်ထဲမှာ သိရှိရတဲ့ အချက်အလက်တွေကို ဥက္ကဋ္ဌကြီးထံ ခွင့်ပြုချက်ရယူပြီးတော့ ဒီအမှုဟာ အမှန်အကန်ဖြစ်ပါတယ်။ မှားယွင်းအပြစ်ပေးခံရတာတွေ ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်လို့တင်ပြထားပါတယ်။ အဲဒီတင်ပြချက်နဲ့ ပတ်သက်လို့ ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုစေလိုပါတယ်။ ဒီအချက်ကို ပြန်လည်ရှင်းလင်းတင်ပြရင် တရားရုံးများဟာ အမှုများကို စီရင်ဆုံးဖြတ်ရာမှာ တည်ဆဲဥပဒေ၊ ပြဋ္ဌာန်းထားတဲ့ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေစတဲ့ စံနှုန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ပေါ်ပေါက်ချက်တွေအပေါ်မှာ ဆုံးဖြတ် ရတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းထိန်တင်ပြတဲ့ အချက်တွေဟာ တရားရုံးရဲ့ အမှုတွဲမှတ်တမ်းမှာ တရားဝင်ပေါ်ပေါက်တဲ့ အချက်တွေမဟုတ်တဲ့အတွက် တရားရုံးက ထည့်သွင်းစဉ်းစားနိုင်တဲ့အချက်များ မဟုတ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တစ်နည်း အားဖြင့် သက်သေခံဥပဒေက ခွင့်မပြုတဲ့ တစ်ဆင့်ကြားသက်သေခံချက်တွေလိုပဲ ပြောလို့ရပါတယ်။ အဲဒီလို ဆုံးဖြတ်ရာမှာ တရားရုံးရဲ့အဆုံးအဖြတ်ကို တရားလိုဘက်၊ တရားခံဘက် တစ်ဘက်ဘက်

ကတော့ မကျေနပ်မှုတွေ ရှိနိုင်ပါတယ်။ ဒါ့ကြောင့် သတ်မှတ်ထားတဲ့ နည်းလမ်းအတိုင်း အထက်ရုံး အဆင့်ဆင့်ကို အယူခံကြရ၊ ပြင်ဆင်မှု ဝင်ရောက်ကြရတာဖြစ်ပါတယ်။

ရှင်းလင်းတင်ပြခဲ့တဲ့အမှုမှာ ခရိုင်တရားရုံးနဲ့ တရားရုံးချုပ်တို့က တရားခံတွေအပေါ်မှာ ပြစ်ဒဏ်ချမှတ်ရာမှာ အမှုမှာပေါ်ပေါက်တဲ့ အထောက်အထားတွေအပေါ် အခြေပြုပြီး ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအမိန့်အပေါ် တရားခံများက အခွင့်အရေးရှိတဲ့အတိုင်း အထူးအယူခံဝင်ခွင့် လျှောက်ထားခဲ့ကြခြင်း မရှိခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် အဲဒီအမှုမှာ တရားခံများကို မှားယွင်းစွာအပြစ်ပေးခဲ့ခြင်း မဟုတ်ကြောင်း၊ ဘက်လိုက်မှု၊ အဂတိလိုက်စားမှုကြောင့် ပြစ်ဒဏ်ချမှတ်ခဲ့တာ မဟုတ်ကြောင်းနဲ့အမှုတွဲမှာ ပေါ်ပေါက်တဲ့ သက်သေခံချက်တွေအရသာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တဲ့ အကြောင်း တင်ပြအပ်ပါတယ်။ တရားရုံးများဟာ တရားလို၊ တရားခံ နှစ်ဖက်အကြား အမှားအမှန်ကို အဆုံးအဖြတ်ပေးရတာ ဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး မိမိလိုအင်ဆန္ဒနဲ့ မကိုက်ညီတဲ့ သူက တရားရုံးက အဂတိလိုက်စားပြီး ဆောင်ရွက်ခြင်းဖြစ်တဲ့အကြောင်း(အထောက်အထားမဲ့) အလွယ်တကူ စွပ်စွဲပြောဆိုတတ်ကြပါတယ်။ ပြောဆိုချက်ကို ကြားရတဲ့သူက အဲဒီပြောဆိုချက်ဟာ အမှန်တကယ် ခြေခြေမြစ်မြစ် ရှိ၊ မရှိ မစဉ်းစားတော့ဘဲ ဟုတ်မှာပဲလို့ အလွယ်တကူ လက်ခံပြောဆို လေ့ရှိကြပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်စေဖို့ တရားသူကြီးများနဲ့ တရားရုံးများအပေါ်တွင်သာ တာဝန်ရှိခြင်း မဟုတ်ပါ။ အမှုစုံစမ်းစစ်ဆေးဖော်ထုတ်တဲ့ တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေ အရာရှိများ၊ ရှေ့နေများ၊ အမှုသည်များနှင့် သက်သေများအားလုံးမှာလည်း တာဝန်ရှိပါတယ်။ တရားရုံးရဲ့ အဆုံးအဖြတ်ရယူဖို့ ရုံးရှေ့မှာ သက်သေတွေက မှန်မှန်ကန်ကန်ထွက်ဆိုကြဖို့၊ တရားစွဲ အဖွဲ့အစည်းများကလည်း ရနိုင်သမျှ အထောက်အထားတွေကို ပြည့်ပြည့်စုံစုံ ရှာဖွေစုဆောင်း တင်ပြ နိုင်ကြဖို့၊ အမှုစစ်ဆေးရာတွင်ပါဝင်ကြတဲ့ ရှေ့နေကြီးများ၊ ဥပဒေအရာရှိများကလည်း တတ်နိုင်သမျှ အမှန်ရှာဖွေ ဖော်ထုတ်စစ်ဆေးနိုင်ရေး ကြိုးပမ်းကြဖို့ တာဝန်ကိုယ်စီရှိကြတဲ့အကြောင်း တင်ပြလို ပါတယ်။ တာဝန်ရှိသူအားလုံး တာဝန်ကျေပွန်ကြပါမှ တရားစီရင်ရေးမဏ္ဍိုင် ပိုမိုကြံ့ခိုင်မှာဖြစ်တယ်လို့ တင်ပြအပ်ပါတယ်။

တရားရုံးက ရနိုင်သမျှအထောက်အထားအပေါ်မှာ အဆုံးအဖြတ်ပြုရာမှာ ငွေများတရားနိုင် ဖြစ်တဲ့အကြောင်း၊ မမှန်မကန်ဘက်လိုက် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ အဂတတိလိုက်စားဆုံးဖြတ်ခြင်း ဖြစ်ကြောင်း အဆုံးအဖြတ်ကို မကျေနပ်သူရဲ့ အလွယ်တကူ စွပ်စွဲပြောဆိုချက်တွေကို လက်ခံမယ်ဆိုရင်၊ တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်မှုမရှိကြောင်း ပြောဆိုကြမယ်ဆိုရင် ဝိုင်းဝန်းထောက်ကူ ဖေးမရာရောက်

မှာ မဟုတ်ဘဲ တရားရုံးများအပေါ် ပိုမိုအထင်မြင်လွဲမှားနိုင်စရာသာ ရှိပါတယ်။ သက်သေတွေက မှန်မှန်ကန်ကန် ထွက်ဆိုခြင်းအားဖြင့် စုံစမ်းစစ်ဆေးတင်ပြရသူတို့က အပြည့်စုံနိုင်ဆုံး အထောက်အထားများ ရှာဖွေတင်ပြခြင်းဖြင့် ဝိုင်းဝန်းကူညီထောက်ကူရန် ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေး ဖော်ထုတ်သူများကို မှန်မှန်ကန်ကန်ကူညီကြခြင်းအားဖြင့် တရားရုံးများ၏ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်စေရေးကို ဝိုင်းဝန်းကူညီရာရောက်မှာဖြစ်ကြောင်းကို တာဝန်ရှိသူအသီးသီးက အမြဲမပြတ် အသိပေး ဆောင်ရွက်ဖို့နဲ့ အမှုမှာပေါ်ပေါက်တဲ့အချက်တွေကို မချေဖျက်နိုင်ဘဲ တရားခံက မရေမရာ တင်ပြတဲ့ ခုခံချေပချက်နဲ့ သက်သေခံချက်တွေကို လက်ခံပြီး လက်ရှိပြစ်ဒဏ်ချမှတ်ခံရတဲ့ တရားခံတွေ ကို အမှုမှာအပြစ်မရှိဘူးလို့ ဆုံးဖြတ်မယ်ဆိုရင် ကျူးလွန်ခံရတဲ့ တရားလို မိန်းကလေးရဲ့ နစ်နာမှု၊ အမှုမှာကျူးလွန်ခံရလို့ သေဆုံးခဲ့တဲ့ သူ့အစ်ကိုဝမ်းကွဲ မိသားစုတို့ရဲ့နစ်နာမှုတွေကို ကုစားပေးရာ ရောက်နိုင်မှာမဟုတ်ပါဘူး။ ကာကွယ်ပေးရာ ရောက်နိုင်မှာလည်း မဟုတ်ပါဘူး။ ဒါကြောင့်လည်း တင်ပြခဲ့တဲ့ နည်းလမ်းတွေနဲ့ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်စေရေးကို ထောက်မကူညီပေးစေကြ လိုပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်က တရားရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒီအမှုကိစ္စ မည်သို့ဖြစ်ပွားသည်၊ မည်သို့စီရင်ဆုံးဖြတ်သည် မိမိတို့ လွှတ်တော်ကမသိပါ။ သို့ရာတွင် တရားရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်ရေး ဝိုင်းဝန်းထောက်မပေးဖို့အဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့ ဦးတင်ဝင်း၊ ကောလင်းမဲဆန္ဒနယ်က တင်ပြချက်အပေါ် မူတည်ပြီးတော့ ယခုကဲ့သို့ ရှင်းလင်းတင်ပြရတဲ့ အနေအထားရောက်ရှိလာခြင်း ဖြစ်တယ်။ ဒါသည်ပင် ကျွန်တော်တို့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာအတွက် ဆောင်ရွက်ရင်း တစ်ဖက်က တရားရေးစီရင်တဲ့နေရာမှာ မှန်မှန်ကန်ကန်ဖြစ်စေရေးအတွက် ဝိုင်းဝန်း ဆွေးနွေးအကြံပေးတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တာဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးချက် များကို ကျွန်တော်တို့ ကြားနာတဲ့အခါမှာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ထောက်ပြပေးဖို့ ဆိုရင် တရားစီရင်ရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိသော ရဲ၊ စ သုံးလုံး ၊ နောက် စီအိုင်ဒီစသော အဖွဲ့အစည်းများ၊ သက်သေများ၊ သက်သေ များဆိုတဲ့နေရာမှာ အမှုခင်းပေါ်မူတည်ပြီးတော့ ဆရာဝန်များသည်ပင်လျှင် သက်သေထွက်ဆိုချက် များပေးရတာ ရှိပါတယ်။ သက်သေများ နောက်ရှေ့နေရှေ့ရပ်များ ဆက်စပ်အကြောင်းအခြင်းအရာကို

ဖော်ထုတ်တဲ့ပုဂ္ဂိုလ်များဟာ တရားရေးမဏ္ဍိုင် တည့်မတ်ကြံ့ခိုင်ဖို့အတွက် လိုအပ်မှာဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ထိုနည်းတူစွာပဲ မိမိတို့နိုင်ငံသူနိုင်ငံသားများအနေနဲ့ ဥပဒေ၊ ဥပဒေနဲ့ ပတ်သက်တဲ့ အနက်အဓိပ္ပာယ် အကြောင်းအရာများကိုလည်း နားလည်ဖို့လိုအပ်ပါတယ်။ ဒီနေ့ တရားစီရင်တဲ့နေရာမှာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်ရေးဟာလည်း ဥပဒေကို တတ်ကျွမ်းနားလည်တဲ့ ပြည်သူအများအပြားရှိမယ်ဆိုရင် ဒီလောက် မဏ္ဍိုင်တိမ်းစောင်းနိုင်မယ့်အနေအထား မဖြစ်ပေါ်နိုင်ကြောင်းကိုလည်း အားလုံးသုံးသပ်လို့ရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပြဿနာကို ကျွန်တော်တို့လွှတ်တော်ထဲသယ်လာပြီး အဖြေရှာတဲ့အခါမှာတော့ ပြဿနာအဖြေရှာနိုင်ဖို့ နည်းလမ်းတွေလည်း တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ဒီဟာသည် သက်ဆိုင်ရာတရားသူကြီးများ၊ တရားရေးအဖွဲ့အစည်းများက ဆုံးဖြတ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်အနေနဲ့လည်း လွှမ်းမိုးဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းမရှိပါဘူး။ တာဝန်လည်းမရှိပါဘူး။ ဒါ့ကြောင့်မို့လို့ မိမိလွှတ်တော်၊ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လိုအပ်မှာကတော့ ဒီဖြစ်စဉ်အကြောင်းအရာကို ကျွန်တော်တို့ ဒီလိုသိရှိရတယ်။ တွေ့ရှိရတယ်။ ဒီအပေါ်ကိုမူတည်ပြီးတော့ နိုင်ငံတော်သမ္မတအနေနဲ့သုံးသပ်ပြီး ဒီအမှုကိစ္စကို နိုင်ငံတော်သမ္မတမှာရှိတဲ့ အခွင့်အာဏာသုံးပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် သမ္မတဆီကို သဝဏ်လွှာပို့ပါတယ်။ ထိုနည်းတူစွာပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုလည်း လွှတ်တော်အတွင်းမှာ မိမိတို့သိမြင် ကြားနာခဲ့ရတဲ့အချက်များကို အတိုချုပ်ရေးပြီးတော့ပို့မှာဖြစ်ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်များ သုံးသပ်ပြီး ဆောင်ရွက်သွားဖို့အတွက် မိမိတို့လွှတ်တော်က တိုက်တွန်းကြောင်း သဝဏ်လွှာပို့မှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးတင်ပြလိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စနဲ့ ပတ်သတ်လို့ ကျွန်တော်တို့တွေ အချိန်တွေ အများကြီးပေးခဲ့ရပါတယ်။ လုပ်အားတွေ အများကြီး ထည့်ခဲ့ရပါတယ်။ အချိန်ပေးလုပ်အားထည့် စေတနာထားဆောင်ရွက်မှုဟာ တရားရေးမဏ္ဍိုင် ပိုမိုကြံ့ခိုင်ဖို့ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်ဖို့အတွက် များစွာအထောက်အကူပြုတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံနဲ့နိုင်ငံသားများရဲ့ အကျိုးစီးပွားကို မှန်မှန်ကန်ကန် လွှတ်တော်များက ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အသိ၊ နိုင်ငံနဲ့ နိုင်ငံသားများမှာ သိရှိပြီး လိုအပ်တဲ့ကိစ္စများရှိလို့ရှိရင်လည်း လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ကျွန်တော်တို့ လွှတ်တော်ကို တင်ပြဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ စပြီးတော့ အခြေပြုအဆို တင်သွင်းခဲ့တဲ့ သူရဦးအောင်ကို တင်သွင်းတဲ့ တရားရေးမဏ္ဍိုင်ဖြောင့်မတ် ကြံ့ခိုင်စေရန်အတွက်

ဝိုင်းဝန်းကူညီထောက်မပေးရေးအဆိုနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ လွှတ်တော်ကတော့ ဒီဖြစ်စဉ်ဖြစ်ရပ် အကြောင်းအရာများကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သဝဏ်လွှာ ပေးပို့ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း ၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှပြန်လည် ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို ၁၄း၄၀ နာရီတွင် ရပ်နားပါသည်။**]**